

ပါပီယွန်
WHISPER OF WORDS
ဘိုသံချောင်းနှင့်နှစ်ပေါင်း၂၀

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

W H I S P E R of W O R D S

Subscribe Telegram Channel

https://t.me/TheBookR

ပါဠိယွန်

ဆံနွယ်ခက်ခက် အိပ်မက်ရနံ့ဟောင်း နှင့် ကိုသံချောင်းနှင့် နှစ်ပေါင်း ၂၀

ဝတ္ထုလတ် ၂ ပုဒ်

ဝိုင်းမော်စာအုပ်တိုက်

ပုံနှိပ်မှတ်တမ်း

ဆံနွယ်ခက်ခက် အိပ်မက်ရနံ့ဟောင်း နှင့် ကိုသံချောင်းနှင့် နှစ်ပေါင်း ၂၀ (ပါပီယွန်)

ပထမအကြိမ်၊ ဇွန်လ၊ ၂၀၂၀

အုပ်ရေ • ၁၀၀၀၀

တန်ဖိုး •၂၅၀၀ ကျပ်

မျက်နှာဖုံး • ဝလုံး

အတွင်းစာမျက်နှာ • ဝေးခေါင်

ဖလင် • EAGLE

ထုတ်ဝေသူ • ဦးကြည်စိုး၊ ဝိုင်းမော်စာအုပ်တိုက် (၁၂၃၉၁)

ဖြန့်ချိရေး • ဝိုင်းမော်စာအုပ်တိုက်

အမှတ် ၆၃၃၊ ၃ လွှာ၊ အင်း၀ ၁၉ (ခ) လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၅၀၅၂၀၆၆

Email: waykhaun@gmail.com

ပုံနှိပ် • ဖူဂျီယာမပုံနှိပ်တိုက်၊ ဒေါ်ကြူကြူ (၀၀၄၂၉)။

အမှတ် (၇၂)၊ အထက်တာဝတံသာလမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၉၅၀၀၅၇၃၇၊ ၀၉၅၀၇၈၄၀၆။

စာအုပ်ချုပ် • ဒေါ်ကြူကြူ

Ebook Creator • Whisper Of Words

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

ဆံနွယ်ခက်ခက် အိပ်မက်ရနံ့ဟောင်း နှင့် ကိုသံချောင်းနှင့် နှစ်ပေါင်း ၂၀ ပါပီယွန်

ဝိုင်းမော်စာအုပ်အမှတ် (၁၂၂) ရန်ကုန်၊

ဝိုင်းမော်စာအုပ်တိုက်။ ဇွန်လ၊ ၂၀၂၀။

စာ • ၁၀၄ ၊ ၁၂.၈ စင်တီ × ၁၇.၈ စင်တီ။

ဗဟိန်းဇင် နဲ့ စစ်နိုင်ကို အတွက် ...

ပါပီယွန်

ဆံနွယ်ခက်ခက် အိပ်မက်ရနံ့ဟောင်း

၁။

မထုကို ကျနော်စမြင်ဖူးတာ ဆရာထောင့် ကျူရှင်မှာပဲ။ ဆရာထောင်က ဆယ်တန်း အင်္ဂလိပ်စာ ကျူရှင်သင်တာကိုး။ ဆရာ့အိမ် အပေါ်ထပ်မှာ စာသင်ခန်းရယ်၊ အိပ်ခန်းရယ်က ကပ်လျက်။ အဲ့ဒီအိပ်ခန်း က ကျနော်တို့ ဘိပေါ့။ အခန်းထဲဝင်ခွေပြီး ဆစ်ကလက်ဖွာရင်း ဆရာ့ဝတ္ထု စာအုပ်တွေနဲ့ နှပ်နေကျ။ ဘွဲ့ရပြီး ကျူရှင်ဆရာ တန်းလုပ်တဲ့ ဆရာထောင် ရယ်၊ ငစိုင်းတို့ ကျနော်တို့လို တပည့်တွေရယ်ဟာ စာသင်နေတဲ့ အချိန် က လွဲပြီး ကျန်တဲ့ အချိန်တွေမှာ အရက်အတူသောက်၊ ဆစ်ကလက် အတူဖွာ၊ လက်ဖက်ရည်ဆိုင် အတူထိုင်နဲ့ ရွယ်တူဘော်ဒါတွေလိုပဲကိုး။

ဆရာထောင့် ကျူရှင်မှာပဲ တခြားဘာသာရပ်တွေကို ဝိုင်းကျူရှင် သင်သေးတယ်။ အဲ့ဒီဝိုင်းတွေကို လာတက်နေတဲ့ မထုတို့ မလုတို့ တိုင်းရင်းသူအုပ်စုက ဆယ်တန်းကို ဘယ်နှစ်ခါကျထားတဲ့ အပြင်ဖြေတွေလဲ မသိဘူး။ သူတို့ တစ်ဖွဲ့လုံးက ကျနော်တို့ အမကြီးအရွယ်တွေ ဖြစ်နေပြီ။ အကုန်လုံး အသက် နှစ်ဆယ်ကျော်တွေချည့်ပဲ။ ရုပ်တွေကလည်း အပျံစားတွေရယ်။ ကျနော်တို့က ၁၅- ၁၆ နှစ် အရွယ်လေးတွေ။ မလောက်လေး မလောက်စား ငချွတ်လေးတွေပေါ့။

ကျူရှင်မှာ တစ်ညသား တန်ဆောင်တိုင်ပါတီလား မသိဘူး လုပ်ကော။ မာရှီနဲ့ ကြက်သားချက်၊ အရက်ပုလင်း၊ မာရှီရိုက်ထားတဲ့ ဆေးပေါ့လိပ် အကုန်ပလူပျံနေတာပေါ့။ လူတွေအကုန်လုံး ဂစ်တာတွေ တဂွမ်ဂွမ်နဲ့ မြောက်နေကြပြီ။ ကျနော်လည်း နှစ်ပင်လိမ် ကျင်စိန် ဖြစ်နေတာ။ အူတွေမြူးလို့ရယ်။

ဆရာ့အခန်းထဲ ဝင်သွားတော့ အဲ့ဒီအရွယ်ကတည်းက စာရေးဆရာလိုလို ကဗျာဆရာလိုလိုနဲ့ စာတိုပေစလေးတွေ ရေးရေးတဲ့ပြီး အမြဲဖီးလ်နေတဲ့ ငစိုင်းက သူ့မမ ကို စာပေးမယ်ဆိုပြီး ရေးနေတာ ပြီးသွားလို့ သူ့ဖာသာ ပြန်ဖတ်ပြီး ကွဲကွဲနဲ့ ဖီးလ်နေတာ သွားတွေ့တယ်။ စာထဲမှာ နာမည်တွေ ဘာတွေ မပါဘူး။ မမကို ကျနော် ဘယ်လိုကြွေတယ် ဘာညာ ပေါ့။ စာအဆုံးမှာကလည်း ကောင်လေး တဲ့။

ဒါနဲ့ မင့်စာက အိုမာခိုင်ယမ့်ကဗျာ ကျနေတာပဲ၊ ငါ့ပေးစမ်းဆိုပြီး တောင်း (ဒီလိုပဲ မြှောက်ပြီး ဖန်ရတာပေါ့)၊ အခန်းအပြင်ထွက်ပြီး စာသင် ခန်းထဲမှာ ပါတီလုပ်နေတဲ့ မမများအဖွဲ့ထဲက မထုနား ကပ်သွားတယ်။ လူတွေ အကုန်ဆူညံ သောင်းကျန်းနေကြတော့ ဘယ်သူမှ သတိမထားမိကြဘူး။ မထုက

အနားကပ်လာတဲ့ ကျနော့်ကို ဆတ်ခနဲ မော့ကြည့်တယ်။ ဘာလဲ ဆိုတဲ့ ဟန်နဲ့။ ငစိုင်းဆီက ဆွဲယူလာတဲ့ စာခေါက်လေးကို မထုံ လက်ထဲ ထိုးထည့်ပြီး ချာခနဲ လှည့်ပြေးတာပဲ။ ဆရာ့အခန်းထဲ ပြန်ဝင်သွားပြီး စာနောက်တစ်စောင် ထိုင်ရေးနေပြန်တဲ့ ဟိုကောင့်ကို "ငစိုင်းရေ၊ ငါတော့ မထုံကို စာပေးလိုက်ပြီ ဟီဟိ ..." ဆိုပြီး အူမြူးနေသေးတယ်။

နောက်တစ်နေ့မနက် အိပ်ရာထမှ အဖြစ်အပျက်ကို သတိရပြီး ရေလည် လန့်ဖြန့်သွားတာရယ်။ သာမန်အချိန်မှာ ဘယ့်နှယ့် အဲ့လို သွား လုပ်ရဲမှာလဲ ဗျာ။ အမူးပြေတော့မှ တွေးတွေးတဲ့ပြီး သွေးလန့်နေပြီလေ။

ပြဿနာက အဲ့ဒီ မထုံ ဆိုတာ ကျနော့်ထက် ၆ နှစ် ကြီးတယ်ဗျ။ ကျနော်ကမှ ၁၆ နှစ် မပြည့်တပြည့်ရယ်ကိုး။ အဲ့ဒီတော့ကာ အလိုလိုနေ ရင်း ရှိန်နေရတဲ့ အရွယ်။ ကိုယ်တွေအုပ်စုကို သူတို့က ချာတိတ်လေး တွေဆိုပြီး လူရာလည်း သွင်းတာမဟုတ်ဘူး။ အဲ့ထက်ဆိုးတာက ကျနော်ပြောခဲ့သလိုပဲ သူတို့က အမိုက်စား ဒီဇိုင်းတွေရယ်။ ဆံပင်ရှည်ရှည်၊ ခါးကျင်ကျင်၊ တင်ကားကား၊ ရင်မို့မို့နဲ့ တကယ့် အပျိုကြီးတွေ ဖြစ်နေကုန် ပြီ။ ဝတ်ပုံစားပုံတွေကလည်း ခုခေတ်စကားနဲ့ပြောရရင် ဂေါ်တယ်ပေါ့။ အထူးသဖြင့် ကျူရှင်သင်နေတုန်း မထုံနောက်မှာ ထိုင်နေရရင် မြင်နေရ တဲ့ အဲ့ဒီ ခါးကျင်ကျင်လေးကို ဆွဲဖက်ချင်တဲ့ စိတ်က ထိန်းမရဘူး။ နှာဘူးလေးပဲ ထင်ထင်ပေါ့။

ဒီတော့ကာ မတန်မရာ သွားတက်ကြံတဲ့ ချာတိတ်လေး ကျနော့်မှာ ငါတော့ နာပြီထင်တယ်ပေါ့။ အရှက်တော့ ကွဲပြီလို့ ထင်နေတာရယ်။ ကိုယ်က စုတ်ချွန်းချွန်း ပေစုတ်စုတ်နဲ့ မျက်ခွက်လိုက်ပြောင် နေတတ်တဲ့ ဆယ်တန်းတက်ခါစ ချာတိတ်ပေါက်စလေးကိုး။ ဒါနဲ့ ဖေ့စဘွတ်ခ်အကောင့် ဒီလိုက်တယ်၊ အဲလေ ဟုတ်ပေါင်၊ ကျူရှင်သွား မတက်ပဲ ရှောင်နေလိုက်တယ် (အတူတူပါပဲ အကွက်တွေက ဟိ)။

ငစိုင်းတို့ ဘာတို့လို ကျနော့်ဘော်ဒါတွေနဲ့ မျက်နှာချင်းဆိုင်မိတော့ ငြိုပြာကြည့် ကြည့်တယ်တဲ့။ ဟိုကောင် ဘယ်မှာလဲဆိုတဲ့ အထာ ပေါ့။ သူတို့ဆီက အဲ့လို ပြန်ကြားလေလေ ကျနော်က လန့်လေလေပဲ။ ကိုယ့်အမအရွယ် ဆိုတော့ လူရှေ့မှာ သောက်ပြဿနာ ထရှာရင် ကွိုင်မယ်ဆိုပြီး ပတ်ကို ပြေးနေတော့တာပဲ။

ဒါနဲ့ တစ်ရက်သား ကျူရှင်ကို ညနေစောင်းသွားတယ်။ ဘာ အတန်းမှမရှိတဲ့ အချိန်ပေါ့။ ဆရာ့ဆီ သွားလည်တယ်ပေါ့။ ဆရာ့အိပ်ခန်းထဲ ဝင်နှပ်၊ ဆစ်ကလက်လေး ဘာလေးဖွာ၊ ဟိုအာ ဒီအာ လုပ်ပြီးတော့ မိုးချုပ်ပြီဆိုပြီး ပြန်ဖို့ အပေါ်ထပ်က ဆင်းတယ်။ အောက်ထပ် အမှောင်ထဲ မှာ ဂက်စ်မီးခြစ်လေး တဖတ်ဖတ်ခြစ်ပြီး စက်ဘီးသော့ဖွင့်တယ်။ စက်ဘီးကို တွန်းပြီး

အိမ်ထဲကထွက်တော့ အမှောင်ထဲမှာ ရေမွှေးနံ့လေး သင်းခနဲရတယ်။ ဆံပင်ဖားလျားနဲ့ လူရိပ်တစ်ခု ဒေါက်ထောက်ထားတဲ့ စက်ဘီးတစ်စီးဘေးနားမှာ ရပ်နေတာ ဝိုးတဝါးမြင်ရတယ်။

“မင်းက ဘာကိစ္စ ငါ့ကို ရှောင်နေတာလဲ . . .” တဲ့၊ အေးတိအေး စက်လေသံကြီးနဲ့ လှမ်းပြောတယ်။

လေသံကို မှတ်မိသွားတော့၊ အမလေးဗျာ...မထု...မထု... ငါ့ကို ချောင်းဖမ်းပြီ ဆိုပြီး ခြေဖျားလက်ချားတွေကို အေးစက်သွားတာပဲ။ လျှာက အာစေးထည့်ထားသလိုပဲ ဘာမှပြန်မပြောနိုင်ပဲ အမှောင်ထဲမှာ တောင့်တောင့်ကြီး ရပ်နေမိတယ်။ ခဏကြာတော့ ခပ်တိုးတိုး ပြောလာတယ်။ “ဒီမှာ တစ်သက်လုံး ရပ်နေလို့ မရဘူး၊ ငါ့နောက်လိုက်ခဲ့” တဲ့။

အဲ့လိုပြောပြီး စက်ဘီးဒေါက်ကို ဖြောင်းခနဲ ကန်ဖွင့်ပြီး စက်ဘီး ပေါ်တက်နင်းထွက်သွားတယ်။ ကျနော်လည်း ရင်တထိတ်ထိတ်နဲ့ စက်ဘီးနဲ့ နောက်က လိုက်နင်းတယ်။ ဘယ်သွားနေမှန်းကို မသိဘူး။ လေအတိုးမှာတလူလူလွင့်နေတဲ့ သူ့ဆံနွယ်အရှည်ကြီးတွေကိုပဲ ငေးရင်း လိုက်နင်းနေတာပဲ။

သတိဝင်လာတော့ အထက်တန်းကျောင်းဘေးက ဘောလုံး ကွင်းကြီးထဲ ရောက်နေတယ်။ တန်ဆောင်တိုင် ပြီးခါစ ဆိုတော့ လရောင် က ထိန်ထိန်သာနေသေးတယ်။ ဘောလုံးကွင်း အလယ်တည့်တည့်မှာ စက်ဘီးနှစ်စီး ထောင်ထားတယ်။ ဆံပင်အရှည်ကြီးနဲ့ မထုဟာ ခါးထောက်ပြီး ကျနော့်ကို စိုက်ကြည့်နေတယ်။ လရောင်အောက်မှာ သူ့မျက်နှာ ဝိုင်းစက်စက်ကလေးဟာ ဘယ်လိုလေးမှန်းကို မသိပါဘူး။ ဟင်းခနဲ သက်ပြင်းတစ်ချက်ချပြီး အေးတိအေးစက်လေသံနဲ့ ကျနော့်ကို စကားစတယ်။

“အဲ့ဒီစာက ဘာသဘောလဲ...” တဲ့။

"ဘာသဘောရမှာတုံး… မမကို ချစ်လို့ပေါ့။ ကျူရှင်မှာ စာသင် ချိန်ဆို တင်ကို နောက်ပစ်ပြီး ခါးမတ်မတ် ကော့တော့လေး ထိုင်နေတတ် တဲ့ မမရဲ့နောက်ခုံမှာ ထိုင်နေရင်း ခါးကျင်ကျင်လေးကို ခိုးကြောင် ခိုးဗုက် ငေးနေတဲ့ ယုန်ဆိုးလေး ကျနော့်ရင်ဘတ်ထဲ ကြယ်တာရာစစ်ပွဲတွေ ဖြစ်ပွားနေတာ မမ မသိဘူးမလား။ မမရဲ့ ဆံနွယ်ခက်ကြီးတွေ ကြားထဲ ကျနော့်မျက်နှာလေး တစ်မိနစ်အပ်ခွင့်သာ ပေးရင် ကြိုးစင်တက်သွားဖို့ လည်း ဝန်မလေးတော့ဘူး မမရဲ့ ။ ဒါပေမယ့် ကျနော်သိပါတယ် ကျနော် ဟာ ကောင်းကင်ယံထဲက လနတ်သမီးဆီ ပျံသန်းဖို့ ကြိုးစားမိတဲ့ ရူးမိုက်တဲ့ ဇီဝစိုး ငှက်ကလေးပါဗျာ…"

အယ်လယ် …။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း မေးကြောကြီး ထောင်နေအောင် အံကြိတ်တဲ့ပြီး အဲ့ဒီခေတ်က နာမည် ကြီးနေတဲ့ ခတ်ရှင်မင်းသား ဒွေးစတိုင်နဲ့ စိတ်ကူးထဲမှာ ဖွဲ့နေတာပေါ့။ အပြင်မှာကတော့ ဘောအကြီးလိုလို လုပ်ပြီး ခေါင်းကုတ်ဖင်ကုတ်ဖြစ်နေတယ်။ ဘာစကားတစ်ခွန်းမှ ထွက်မလာဘူး။ ကြာလာတော့ စိတ်မရှည် တော့ဘူး နေမယ်။ ဟောက်ကရော။

"ဟဲ့မေးနေတယ်လေ… စကားမတတ်ဘူးလား …" တဲ့။ ဒါနဲ့ မထူးပါဘူးကွာ ဆိုပြီး ထစ်အ ထစ်အနဲ့ အရဲစွန့်ပြီး ပြန်ဖြေ လိုက်တယ်။"ဟိုဟာလေ… စာထဲမှာ ရေးထားတဲ့အတိုင်းပဲ မမ…" လို့။

"မမ" ဆိုတဲ့ နေရာနားမှာ အသံ တိမ်ဝင်သွားသေးတယ်။ ကြောက်လို့။

အဲ့လိုပြောပြီးမှ လန့်သွားတော့တယ်။ ဘယ်ဟာကဘယ်လိုလဲ ဘာညာ မေးလာရင် သေပြီလေ။ စာက ငစိုင်းဟာကြီး။ ဟိုသောက်ရူး ငဇီးလ်က ဘာရေးထားမှန်း ကိုယ်လည်း အသေချာမသိဘူး။ မှင်သေသေ နဲ့ မျက်နှာငယ်လေး လုပ်ပြနေရတယ်။

"နင့်အသက် ဘယ်လောက်လဲ"

"၁၆"

"ငါ နင့်ထက်အများကြီး ကြီးတယ် သိလား ကောင်လေး"

"ဟုတ်"

"ဘာသာကော လူမျိုးကော မတူဘူးဆိုတာ နင်သိတယ် မလား"

ငါ့ကို မိဘတွေဆီ လာတောင်းတာတွေကော အပြင်မှာ လာကြိုက်တာတွေကော အများကြီးပဲ”

“ဟုတ်”

ဒါပေမယ့် ငါ့ကို ကြိုက်ပါတယ်ဆိုပြီး ရည်းစားစာပေးပြီးတော့ ထွက်ပြေးသွားတာ နင်ပထမဆုံးပဲ”

“ဟုတ်”

အဲ့ဒါမျိုးကို ငါဘယ်လောက် အူယားတယ်မှတ်လဲ ဟမ်...”

“ဟုတ်”

“နင် အတန်းထဲမှာ ငါ့ကို တစ်ချိန်လုံး ခိုးကြည့်နေတာလည်း ငါသိတယ်၊ ငါလှည့်ကြည့်လိုက်ရင် နားရွက်တွေ ဘာတွေ နီရဲ တဲ့ အထိ ရှက်သွားတာလည်း ငါရိပ်မိသားပဲ”

“ဟုတ်”

“ဒါပဲ၊ မိုးတအားချုပ်နေပြီ ငါပြန်တော့မယ်၊ ငါ့ကို ရှောင်နေစရာ ဘာအကြောင်းမှမရှိဘူး အဲ့လိုမလုပ်နဲ့”

သူ့ဖာသာ ပြောချင်တာတွေ ပြောပြီးပြီး စက်ဘီးကို ဆွဲယူပြီး တွန်းထွက်သွားတယ်။ ကျနော့်မှာသာ “ဟုတ်” တစ်လုံးက လွဲပြီး ဘာမှ မပြောလိုက်ရပဲ ကြောင်အအကြီး ကျန်ခဲ့ရတယ်။

လရောင်အောက်မှာ ဘောလုံးကွင်းကို ဖြတ်ပြီး ထွက်သွားနေ တဲ့ မထုကို ကျနော်ငေးနေတယ်။ ဆံနွယ်အရှည်ကြီးတွေကို မြင်နေရတာ စိတ်ကို မရိုးမရွဖြစ်စေတယ်။ အတင်းပြေးလိုက်သွားပြီး “မမရေ . . . လို့ အော်ရင်း နောက်က သိုင်းဖက်ပစ်လိုက်ချင်တယ်။ ဒါပေမယ့် ကျနော် အဲ့လောက် သတ္တိမရှိဘူး။ မတ်တပ်ကြီးရပ်လို့ မထု မြင်ကွင်းက ပျောက် သွားတဲ့အထိ ငေးနေခဲ့မိတယ်။

နောက်ထပ် ရက်တွေမှာ ဘာမှလည်း ဆက်မဖြစ်ပါဘူး။ ကျနော် ဟန်မပျက် ကျူရှင်ပြန်တက်တယ်။ ဘောလုံးကွင်းထဲ ညဖက်ကြီး သွားတွေ့ပြီး ဘာမှမဘာခဲ့ဘူး ဆိုတာကို ငစိုင်းတို့ကောင်တွေက စောင်သုံးမကျဘူး ဘာညာနဲ့ ဝိုင်းဆဲတာ ခံလိုက်ရသေးတယ်။ ကိုယ်က လည်း အဲ့ဒီတုန်းက တခြားနေရာတွေမယ်သာ စွာကျယ်ကျယ်နဲ့ ဆရာ ကျတာ၊ ဒါမျိုးကျတော့ ရှက်တာတွေ ကြောက်တာတွေနဲ့ကိုး။ စပ်ဖြဲဖြဲနဲ့ ငြိမ်ခံနေရတယ်။ ဒါပေမယ့် ကျူရှင်ချိန်မှာ မထုတို့ မလုတို့ အုပ်စုနဲ့ နည်းနည်းပါးပါး လေပေးဖြောင့်လာတယ်။ တစ်ခါတလေ

အတန်းထဲမှာ
မမတစ်ယောက်ရှေ့ခုံမှာထိုင်နေရင်းဆတ်ခနဲလှည့်ပြီးသူ့ကိုခိုးငေးနေတဲ့ ကျနော့်ကို
အချဉ်ပေါင်းထုပ်လေး ဘာလေး ပစ်ကျွေးတာမျိုးရှိတယ်။ ဒါပါပဲ။ သူ့စိတ်ထဲ
ငချွတ်လေးဟာ ငချွတ်လေးပါပဲ လို့ ထင်နေမှာပေါ့။

မောင်လေးအရွယ်မို့ သိပ် ဆီးရီးယက်စ် ဖြစ်မနေဘူး ထင်ပါတယ်။
ဟာသပေါ့။

အဲ့လိုနဲ့ပဲ ကျနော်တို့မြို့မှာ မနောပွဲလုပ်တယ်။ ခါတိုင်း လုပ်နေ ကျ
မြစ်ကြီးနားကနေ ဘာလို့လဲ မသိဘူး ရွှေ့လာတာ။ ယုဇော်ခေါင် ခေတ်။
သူကိုယ်တိုင် စပွန်ဆာပြီး လာလုပ်တယ်။ ပျော်ပွဲရွှင်ပွဲ အစုံပလုံနဲ့ ပေါ့။
ခေါင်ရည်တွေဘာတွေ ဆိုတာ ချောင်းစီးတိုက်တာပဲ။ စတိတ်ချ်ရှိုး တွေ၊
လှယဉ်ကျေးမယ်ရွေးပွဲတွေ၊ မနောကတာတွေ မြို့ပြင်က ကွင်းကြီး ထဲ
ရှုပ်ရက်ခတ်နေတာ ညတိုင်းပဲ။ မြို့ထဲက ကောင်တွေကလည်း သွားသွားတဲ့ပြီး
အဲ့ဒီပွဲမှာ အလကားရတဲ့ ခေါင်ရည် အရက်တွေ သောက် သောက်တဲ့ပြီး
သောင်းကျန်းလို့ မိုက်ကရိုဖုန်းနဲ့တောင် အော်ရတယ်။ တိုင်းရင်းသားလေသံနဲ့
အဘိုးကြီးက တောင်းပန်ပြီး အော်ရှာတာ။

“ထောင်ကာကချင် ကကြဘာ... ခေါင်ရီသောက်ချင် သောက် ကြဘာ . . .
သူ့နှမ ငါ့နှမ ဖင်တော့ မနှိုက်ပေးကြဘာနက် . . . ဖင်တော့ မနှိုက်ပေးကြဘာနက်...”
တဲ့။

ကျနော်တို့ ဘော်ဒါတွေလည်း အုပ်လိုက်ကြီး ညတိုင်း သွား တိုးတာပါပဲ။
ခေါင်ရည်တွေဆိုတာ သောက်လွန်းလို့ ပြန်အန်ထွက်တယ်။ မူးပြီး
ဖိနပ်ပျောက်မှာစိုးလို့ ငယ်ငယ်ကလို သဲကြိုးထဲ လက်လျှိုပြီး လက်ကောက်ဝတ်မှာ
ချိတ်ထားရတဲ့ဘဝ ရောက်တယ်။ ကျနော်တို့ ကျူရှင်က ဟို မထုတို့ မလုတို့
တစ်အုပ်စုလုံးက လှယဉ်ကျေးမယ်တွေ ဆိုလား။ ထားပါတော့ အသေချာမသိဘူး။
ပွဲနောက်ဆုံးညကျတော့ ကျနော်လည်း အသောင်းကျန်းလွန်ပြီး ပွဲခင်းထဲ
ဘာဖြစ်သွားမှန်းမသိဘူး။ ဖိနပ်လည်းမပါပဲ ပွဲခင်းထဲ လေးဖက်ထောက်ပြီး ခွေးလို
လျှောက် သွားနေလို့တဲ့ ဘော်ဒါတွေက အတင်းလိုက်ဖမ်း ထော်လာဂျီပေါ်
ထမ်းတင်ပြီး အိမ်ပြန်ပို့လိုက်ရတယ် တဲ့။ ဘဝမှာ လူမှန်း သူမှန်း မသိတာ အဲ့ဒါ
နောက်ဆုံးပါပဲ။ အရက်ရသွားပြီး နောက်နောင် ဘယ်တော့မှ အဲ့လို
မသောက်တော့ဘူး။

နောက်တစ်နေ့မနက် အိပ်ရာထတော့ ကျနော်တို့ ကျူရှင်က မမတွေချည့်ပဲ
လှယဉ်ကျေးမယ်ဆုတွေ ရသွားတယ်ဆိုလား။ မထုလည်း ပါတယ်၊ ဒုတိယလား
တတိယလား မသိဘူး။ ပထမကတော့ မလုပဲ။ အဲဒီ တော့ကာ နယ်မြို့ထုံးစံအတိုင်း

ဝိုင်းဝိုင်းလည်အောင် ဝိုင်းလိုက်ကြတော့ မှာ သေချာတယ်။ ဟိုမြို့ဒီမြို့က သူဌေးသားတွေက လာတောင်းတော့ မယ်။ ငါနဲ့တော့ ဝေးပါပြီပေါ့။ ဒီကြားထဲ ဖိနပ်ပျောက်ပြီး ပွဲခင်းထဲ ခွေးလို လျှောက်သွားတယ်ဆိုပြီး ကျနော်က နာမည်ကြီးနေတာရယ်။ ဇီဝစိုးငှက် ကလေးနဲ့ လနတ်သမီး ဘဝချင်း ခြားခဲ့ပါပြီလေပေါ့။

နှစ်ရက်လောက် ဘူပြီး မှိုင်နေလိုက်တယ်။ သုံးရက်မြောက် တော့ မြို့ပြင်အထွက်နားက လက်ဖက်ရည်ဆိုင်မယ် တစ်ယောက်တည်း ထိုင်နေတုန်း စက်ဘီး ကလင် ကလင်သံ ကြားလို့ လှမ်းကြည့်လိုက်တော့ မလုဖြစ်နေတယ်။

"ဟဲ့ မောင်လေး... နင့်ကို နင့်မမ ခေါ်နေတယ်" တဲ့။

နဝေတိမ်တောင်နဲ့ "ဘာကိစ္စလဲဗျ" ဆိုတော့၊ "ဟိုနေ့ညက မတု မယ်ပြိုင်တာ ဆုရတော့ နင့်ကို လိုက်ရှာတာ မတွေ့လို့ စိတ်တိုပြီး ပွဲထဲမှာ သောင်းကျန်းတယ်တဲ့ ခုလိုက်ရှာပေးကြစမ်း ဆိုလို့ လိုက်ရှာ တော့ နင့်အဖွဲ့က ပြောတယ်၊ ဖိနပ်မပါပဲ ပွဲခင်းထဲ လေးဖက်ထောက်ပြီး လျှောက်သွားနေလို့ အိမ်ပြန်ပို့လိုက်ပြီ ဆိုတော့၊ တွေ့မယ် ပြန်တွေ့လို့က တော့ ပါးကို ချဦးမယ်ဆိုပြီး ကြိမ်းနေတယ်..." တဲ့။

ဟင် . . . ဆိုပြီး ကျနော်လည်း ရင်ထိတ်သွားတယ်။ ကျနော့်ဖာသာ ဖြစ်တာ သူနဲ့ဘာဆိုင်လဲ လို့ ညစ်ကျယ်ကျယ် ပြန်ပြောမိလိုက် သေးတယ်။

အံမယ်မယ် ငါ့ကို လာရန်ထောင်နေသေးတယ်၊ လာလိုက်ခဲ့ ခု နင့်ကို ခေါ်ခိုင်းလိုက်တာ၊ ကိုယ့်ဖာကိုယ် လာရှင်းလာ ဆိုပြီး ခေါ်တော့ အူတူတူနဲ့ လက်ဖက်ရည်ဆိုင်ကနေ ထလိုက်သွားမိတယ်။

မြို့အစွန်က ရပ်ကွက်တစ်ခုထဲ ရောက်သွားတယ်။ တရုတ် ဇီးသီးပင်တွေ အုပ်နေတဲ့ ခြံအကျယ်ကြီးထဲက နှစ်ထပ်ပျဉ်ထောင်အိမ် အမည်းကြီးရှေ့ရောက်တော့ မလုက အော်တယ်။

"မထုရေ"

"ဝူး"

"ဒီမှာ ပါလာပြီ..."

အပြန်အလှန်အော်ပြီး အချက်ပြပြီးတာနဲ့ မလုက ကျနော့်ကို မျက်စိမှိတ်ပြပြီး ကိုင်း ကြွကြွ ကိုယ်တော်၊ သူ့အဖေကော အမေပါ အိမ်မှာ မရှိဘူး၊ ခရီးထွက်နေကြတာ၊ ဝင်သွားပြီး သွားဖြေရှင်းချေ၊ ကြောက်မနေ နဲ့၊ လစ်ပြီ တဲ့တာ

ဆိုပြီး မချိုမချဉ်ရုပ်နဲ့ ဒိုးသွားရော။

ကျနော့်မှာသာ ရင်တထိတ်ထိတ်နဲ့ မတ်တပ်ကြီး။ အိမ်အပေါ် တပ်ဝရန်တာ သံဆန်ကာကြားထဲကနေ ဆံနွယ်အရှည်ကြီးတွေ ဖုံးနေတဲ့ အဖြူရောင် အရိပ်ကလေးတစ်ခု ရိပ်ခနဲ ပေါ်လာတယ်။ ထုံးစံအတိုင်း အနိမ့်အမြင့် မရှိတဲ့ အေးစက်စက်လေသံနဲ့ ခပ်ကျယ်ကျယ်အော်ဟောက် လာတယ်။

"နင် အဲ့ဒီမှာ တစ်သက်လုံး ရပ်နေလို့ မရဘူး၊ အိမ်ပေါ်တက်ခဲ့စမ်းတဲ့"

၃။

အပြင်ဖက်ကနေ အိမ်အပေါ်ထပ် တက်တဲ့ လှေကားအတိုင်း ကျနော်လည်း တက်သွားတာပဲ။ ဒူးတော့ တုန်နေတာပေါ့။

မထုက ရုပ်အင်္ကျီအဖြူရောင် လက်ရှည်ကို လက်ခေါက်ပြီး ဝတ်ထားတယ်။ ထဘီအနက်ရောင် ပျော့ပျော့နဲ့ တွဲလို့။ ဆံပင်အရှည် တွေကို ပုခုံးရှေ့မှာ နှစ်ဖက်ခွဲပြီး ဖားလျားချထားတယ်။ ကျနော်လည်း ဧည့်ခန်းက အသင့်တွေ့တဲ့ ကြိမ်ထိုးဆက်တီခုံမှာ ခပ်တည်တည်နဲ့ ဝင် ထိုင်လိုက်ရော ဆိုပါတော့။

မထုက ကျနော်နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး ခြေကလိမ် ချိတ်ထားတယ်။ ပြီးတော့ကျနော့်ကိုစိုက်ကြည့်နေတာရယ်။ ဘယ်ရမလဲ၊ သူ့ကို ပြန်မကြည့်ရဲပဲ ခေါင်းငုံ့နေတာပေါ့။ ပွဲခင်းထဲ ခွေးလို လေးဖက် ထောက် သွားထားတဲ့ အမှုရယ်၊ သူ့ပြိုင်ပွဲကို အားမပေးလို့ ဆိုတဲ့အမှုရယ် (အမှန်တကယ်တော့ ကျနော်နဲ့ ဘာဆိုင်လို့လဲဗျာ) နှစ်မှုပေါင်းပြီး တွေ့ရင် ပါးရိုက်ပေးဦးမယ် ဆိုပြီး ကြားထားတော့ လန့်နေတာရယ်။

“ဟဲ့ . . . အဲ့ဒါ ဘာဖြစ်နေတာလဲ၊ ဒါ အသုဘအိမ် မဟုတ်ဘူး၊ လာငိုင်မနေနဲ့”

အဲ့လို အော်ဟောက်မှ မျက်နှာငယ်လေးနဲ့ မော့ကြည့်ရဲတော့တယ်။ အထစ်ထစ် အငေါ့ငေါ့နဲ့ စကားစတယ်။

“ကျ… ကျနော့်ကို ခေါ်တာ ဘာလုပ်မလို့လဲ မမ …” “စာဖတ်ပြမလို့” ဆိုပြီး ဆက်တီစားပွဲပေါ်က စာအုပ်တစ်အုပ် ကို ကောက်ယူတယ်။ စာအုပ်ကို ဖွင့်တယ်။ စာရွက်ခေါက်ကလေးကို ယူတယ်။ အမ်မလေး ဒါ ငါသူ့ကို ပေးလိုက်တဲ့ စာ ပါလား။ ခေါက်ရိုးလေးတွေ ကို ကြေလို့ရယ်။ စာကိုဖြန့်တဲ့ပြီး စွာကျယ်ကျယ် အသံလေးနဲ့ ဖတ်ပြ တော့တာပဲ။

“ကျနော့်ဘဝရဲ့အလင်းနတ်သမီးလေးမမ…”

ဟာ ဟိုသောက်ရူး ငစိုင်း၊ ဘာတွေ လျှောက်ရေးထားတာလဲ မသိဘူး။ ဘာအဓိပ္ပာယ်မှန်းမသိ၊ အလင်းနတ်သမီးတဲ့။ ငါ့မျက်စိထဲ ပြေး မြင်မိတာကတော့ မထုကြီးက ထဘီကြီးခြုံ မီးတုတ်ကြီးကိုင်လို့ လခွမ်း တဲ့မှုပဲပေါ့။ စိတ်ထဲမှာအဲ့လိုတွေးမိပြီး ရယ်ချင်လာပြီ။

“မမ မျက်တောင်ဖျားက နှင်းရည်စက်ကလေးတွေဟာ…”

အင်း မအေဘေးလေး လေသံကိုက နွမ်ဂျာသိုင်းလား၊ မောင် စိန်ဝင်းလား မသိဘူး၊ အဲ့လို လေတွေ။ အေးလေ စာရေးဆရာ လုပ်ရင် တောင်မောင်ထိန်ဝင်း(ဖရီးကုန်း) ဆိုပြီး ကလောင်နာမည်ခံမယ်ဆိုလား။

မထုက စာတစ်စောင်လုံး တတွတ်တွတ် ဖတ်ပြနေတယ်။ ကျနော်က ကိုယ်ရေးမထားတဲ့ စာကြီးကို ကိုယ့်ဟာလိုလိုနဲ့ ရှက်ဝဲဝဲဟန် ဂိုက်ပေးကြွမ်းပြနေရတယ်။ အတော်မလွယ်တဲ့ ကိစ္စကြီးဗျာ။

နောက်ဆုံးကျတော့ “မမရဲ့ ကောင်လေး” တဲ့။ အဲ့ဒီနေရာမှာ ဆုံးသွားတယ်။

မထု ကျနော့်ကို စိုက်ကြည့်တယ်။ ဖြန့်ထားတဲ့ စာကို သူ့ရင် ဘတ်မှာ အပ်ပြတယ်။ အောက်နှုတ်ခမ်းကို သွားဖြူဖြူလေးတွေနဲ့ ကိုက် ပြတယ်။ ရှက်ပေမယ့် အားတင်းထားတဲ့ အသံနဲ့ စကားစတယ်။

“ငါ့မှာ နင့်စာကို ဘယ်နှစ်ခေါက် အထပ်ထပ် ဖတ်မိခဲ့မှန်းမသိတော့ဘူးဟာ ...” တဲ့။ “နင်မသိပါဘူး ... နင်မသိပါဘူး ...” လို့ သူ့ဖာသာ ရေရွတ်နေတယ်။

အဲ့လို နူးညံ့နေလို့ ဟုတ်နေပြီ ထင်နေရင်းက လေသံက ပြန်မာ လာပြန်တယ်။ ဒေါပွနေတဲ့ လေသံနဲ့ ထပ်ဟောက်ပြန်ရော။

“ငါ့ကို ရည်းစားစာပေးတယ်။ နင်ပေးတဲ့ စာကို အကြိမ်ကြိမ် ဖတ်ပြီး ငါ့မှာ ရူးနေရတာကို မသိချင်ယောင်ဆောင်ပြီး စောက်ပေါလိုလို ငနုံးချီးလိုလို လုပ်နေတယ်။ ဘာမှ ထပ်လာမပြောဘူး။ ငါ့ကို ချောင်း ချောင်း ကြည့်တယ်။ လူမိသွားရင် မထီတရီလေး လုပ်ပြနေတယ်။ လူ ကြည့်တော့ ချာတိတ်လေး ပုစိပေါက်စောက်လေး။ နင့်လိုကောင်မျိုး ငါ့တစ်ဘဝလုံး သောက်ဂရုမစိုက်ဖူးဘူး သိလား။ နင်သိလား...”

“တစ်နေ့ညက ငါ စင်ပေါ် တက်ပြိုင်နေတာကို ငါ့ကို ကြိုက်တယ်ပြောပြီး အနားမှာ လာအားမပေးတဲ့ အပြင် ပွဲခင်းထဲ မူးရူးပြီး ခွေးလို လေးဖက်ထောက် လျှောက်သွားနေတယ်။ ငါရှက်တယ်။ အလကား ကောင်လေး။ ငါ့မှာ ဆုယူပြီးတော့နင့်ကို လိုက်ရှာ၊ သူများတွေကို မျက်နှာ ငယ်လေးနဲ့ လိုက်မေးတော့ ပွဲခင်းထဲ လေးဖက်ထောက်နေလို့ ဖမ်းပြီး ဝက်ထမ်းသလို ဝိုင်းထမ်းပြီး ထော်လာဂျီနဲ့ တင်၊ အိမ်ပြန်ပို့လိုက်ပြီတဲ့။ ဘယ်လောက် စောက်သုံးမကျလိုက်သလဲဟမ်...”

“ငါ့ နင့်ကို ဒီနေ့ ခေါ်တာ ဘာလုပ်ဖို့ ထင်လဲ၊ ပါးချမလို့ သိလား။ ပါးကို ဘယ်ပြန်ညာပြန် ချမလို့။ ချသင့်လား မချသင့်ဘူးလား ဖြေစမ်း။ နင် ဖြေစမ်း...”

အဲ့လိုတွေ အော်ဟစ်ပြီး ပေါက်ကွဲနေတဲ့ မထုကို ကြည့်ပြီး ကျနော်လည်း ဘယ်က ဘယ်လို စိတ်တိုသွားမှန်းမသိဘူး၊ ပြန်အော်တော့တာပဲ။

လေးဖက်ထောက်တဲ့ ကိစ္စကြောင့် ရှက်ရမ်းရမ်းသွားတာ ဖြစ်မယ်။

"ခင်ဗျားပဲ ကျနော့်ကို အသက်ကွာသလေး ဘာလေးနဲ့ ငြင်း တာလေ။ ဟို ဘောလုံးကွင်းထဲမှာလေ။ ငါ နင့်ထက် ၆ နှစ် ကြီးတယ်ဆို၊ ကျနော် ဘာဆက်ပြောရမှာလဲ။ ခင်ဗျာ့နားမှာ ဘဲတွေဝိုင်းနေတာ ကျနော် သိသားပဲ။ ကျနော့်ကို လူရာမသွင်းဘူး မှတ်လို့ နောက်ထပ် အနားမကပ် ရဲတော့တာလေ။ ကျနော့်မှာ သိမ်ငယ်စိတ်နဲ့ ငေးရုံလေးပဲ တတ်နိုင်တော့ တဲ့ ဘဝ။ ဝမ်းနည်းစရာ ဘယ်လောက်ကောင်းတယ် မှတ်လဲ။ ခင်ဗျား သိလို့လား။ ပြိုင်ပွဲပြိုင်နေတာ အနားမလာလို့တဲ့ ဟုတ်လား ဟက် ဟက် မလာရဲပါဘူး။ ခင်ဗျားရုပ်ချောမှန်း ကျနော်သိပါတယ်။ မယ်တွေ ဘာတွေ ပြိုင်၊ ဆုတွေ ဘာတွေရ၊ ခင်ဗျာ့ကို ဘဲတွေက ဝိုင်းကြိုက်ကြ၊ သူဌေးသား လေးတွေက လာတောင်းကြနဲ့ ဖြစ်တော့မယ်။ ကျနော့်မှာ လာတောင် မကြည့်ရဲတော့ဘူး။ စိတ်ဆင်းရဲလိုက်ရတာ။ ဒါကြောင့် ပွဲခင်းထဲ အရက် လျှောက်သောက်ရင်း ခွေးဖြစ်သွားတာ..." (ရုပ်တည်နဲ့ ရောချ)

"အဲ့ဒါကို ပါးချဖို့ ခေါ်သတဲ့လား။ လာခဲ့လေ ရော့ရော့ လာချ ။လာ ခင်ဗျားထက် ၆ နှစ် ငယ်တဲ့ ကောင်လေး ငချွတ်လေးကို ပါးရိုက်ချင်တယ် ဆိုလည်း ခံဖို့ အသင့်ပဲ။ ရိုက်ပြီးရင် ကျေနပ်တော့။ နောက်လည်း ခင်ဗျာ့နားကို မလာတော့ပါဘူး။ ကျနော် အဝေးကြီးကို ထွက်သွားတော့မှာပါ..."

အဲ့လို ဂူးဂူးဝါးဝါးနဲ့ ဒရာမာတွေ စွတ်ခင်းနေတုန်း မထု တစ်ယောက် ဆတ်ခနဲ ခုန်ထတယ်။ အလယ်မှာ ခြားထားတဲ့ ဆက်တီ စားပွဲကို ပတ်ရှောင်ပြီး ကျနော့်ဆီ ပြေးလာတယ်။ ငါ့ကို တွယ်ပြီဟ ဆိုပြီး ကယောင်ကတမ်းနဲ့ မတ်တပ် ထအရပ်မှာ ကျနော့် နှာခေါင်းအဝမှာမွှေးခနဲပဲ။

တစ်ခါက စိတ်ကူးနဲ့ပဲ ရှူးခဲ့ရတဲ့ ဆံနွယ်ခက်ခက်ကြီးတွေဟာ ကျနော့်မေးစေ့အောက်မှာ။

မထုဟာ ကျနော့်ရင်ခွင်ထဲ ခုန်ဝင်လာပြီး လက်နှစ်ဖက်နဲ့ အတင်းသိုင်းဖက်ထားတယ်။ ကျနော့်မှာသာ တစ်သက်လုံး မခံစားဖူးတဲ့ အထိအတွေ့ကြောင့် တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းနဲ့ ထူပူပြီး တောင့် တောင့်ကြီးရယ်။

ကျနော့် လည်တိုင်တွေကို နှုတ်ခမ်းနဲ့ ပွတ်ပြီးနမ်းနေရင်း သူ့ ပါးစပ်က တတွတ်တွတ်ရွတ်နေတယ်။ ဘာတွေမှန်း ကျနော် အသေချာ မသိဘူး။

"ကောင်ဆိုးလေး... အလကားဟာကလေး... ငါ့မှာဖြင့် သူ့ကို ချစ်လိုက်ရတာ သေတော့မယ်..." ဆိုလား။

"နမ်းပါ ဆိုတာကို

ဘာတွေ လျှောက်လုပ်နေမှန်းကို မသိဘူး

ဖယ်စမ်း ငါပြမယ် စိတ်ကို မရှည်တော့ဘူး . . ."

၄။

ကျနော် အဲ့ဒီနောက်ပိုင်း ကျောင်းနေ့တစ်ပိုင်း ဘယ်တော့မှ မတက်တော့ဘူး။

ဟဲ ဟဲ . . . အရင်ကလည်း မတက်ပါဘူး။ မနက်ခင်းတစ်ပိုင်း တက်ပြီးရင် နေ့လယ် အိမ်ပြန်ထမင်းစားတယ်။ ဗလာစာအုပ်တစ်အုပ် ကို ခါးကြားထိုးပြီး ရုပ်တည်ကြီးနဲ့ စက်ဘီးနင်းပြီး အိမ်က ထွက်တယ်။ လွယ်အိတ်တွေ ဘာတွေ မလွယ်ဘူး။ ပွဲတယ် ရှိုးပျက်တယ်လို့ ကျနော် တို့လို လူဆိုးအဖွဲ့က ယူဆတယ်။ ခါးကြားထိုးထားတဲ့ စာအုပ်ထဲမှာပဲ တွေ့ကရာ အကုန်ရေးမှတ်ထားတာမျိုး။ ငါတို့က ပေတယ်၊ ဒါပေမယ့် ကျောင်းစာများ ခွေးချေးပါပေါ့။

အခါတိုင်းကတော့ ကျောင်းပြန်သွားရင် သွား၊ မသွားရင် ဗီဒီယို ရုံ တန်းလစ်ပြီး ၁၂ ခွဲ ပွဲ (ရိုးရိုးကား) ကြည့်၊ အခြေနေပေးရင် ၂ ခွဲ ပွဲ (ဆင်းရဲသားကား) ဆက်ကြည့်။ ၃ နာရီ ၁၅ ကျမှ ဗီဒီယိုရုံထဲက အသာလေးထွက်ပြီး အိမ်ပြန်တယ်။ ကျောင်းဆင်းလာတယ် ပေါ့။

အဲ့လိုမလုပ်တဲ့ နေ့တွေဆို ကျောင်းပြန်သွားတယ်။ တစ်ချိန် လောက် တက်ပြီးရင် ကျောင်းအိမ်သာတွေ နောက်နားကနေ ခြံစည်းရိုး ကျော်လိုက်ရင် ရောက်သွားတဲ့ ပန်းခြံဆီ လစ်တယ်။ ပန်းခြံထဲက ခြုံတွေ ထဲ ကြိတ်ဝိုင်းလုပ်နေတဲ့ ဖဲဝိုင်းမှာ ဝင်ထိုင်ရင်ထိုင်၊ မထိုင်ရင် တစ်မြို့လုံး က ကျောင်းသားတွေ ကျောင်းပြေးပြီး ဆေးလိပ်ဖွာ၊ ရောက်တတ်ရာရာ အညှီအဟောက်တွေ ထိုင်ပြောတတ်တဲ့ ပန်းခြံထဲက လက်ဖက်ရည်ဆိုင် မှာ တစ်ဝိုင်းကနေ တစ်ဝိုင်းကူးပြီး ကျောက်ချတော့တာပဲ။

ဘယ်လောက် အာလူးများသလဲ ဆိုတော့ကာ အထက ကျောင်း ၄ ကျောင်းစလုံးက ကျောင်းပြေးတဲ့ ကျောင်းသားဆိုးမှန်ရင် ကျနော်နဲ့ မသိတဲ့ကောင်ကို မရှိတာရယ်။

အရင်နေ့က မမနဲ့ ဖက်ရမ်းနမ်းရှုတ်တဲ့ အခြေနေအထိ ရောက် သွားပြီးတဲ့ နောက်ပိုင်း ကျောင်းလုံးဝ မပြေးတော့ဘူး။ သွားနေကျ နေရာ တွေ ရှောင်သွားတယ်။ ဒါပေမယ့် စာသင်ကျောင်းကို မရောက်ဘူး အချစ်ကျောင်းပဲ သွားတက်တော့တယ်၊ ဟဲ ဟဲ။

နေ့ခင်း အိမ်ပြန်ထမင်းစားပြီးတာနဲ့ မြို့အစွန်ရပ်ကွက်က မမ အိမ်ကို တန်းပြီးပြေးတာပဲ။ ဟဲဟဲ သည်ရီဒါ ခံတတ်ရင်ထဲက မိုက်ကယ်ကို ပြေးမြင်နေကြပြီမလား။ ကျောင်းမတက်ပဲ သူ့ဆီချည့် လာနေတာကို မမက

တစ်ခွန်းမပြောဘူး။ ကျနော့်ထက် ၆ နှစ် ကြီးပေမယ့် သူလည်း ဆယ်တန်း အခါခါကျထားတဲ့ အပြင်ဖြေကျောင်းသူ ခပ်ဆိုးဆိုး၊ ကိုယ် လည်း ခပ်တေတေ မဟုတ်လား။ ဧည့်ခန်းထဲမှာ တစ်ယောက်နဲ့ တစ် ယောက် မှီတွယ်ပြီး ပူးကပ်နေကြရင်း ဝတ္ထုတွေ အတူထိုင်ဖတ်လိုက်၊ ပျင်းလာရင် ခြံထဲဆင်းပြီး ခြံထဲက မီးဖိုဆောင်မှာ စားစရာတစ်ခုခု အတူ တူလုပ်စားလိုက်နဲ့ နှစ်ယောက်တည်းကမ္ဘာလေး လုပ်နေကြတာရယ်။

ခြံအကျယ်ကြီးထဲမယ် တစ်ခါတလေ ကြက်တောင်ရိုက်တမ်း ကစားရင်း အော်ဟစ်ငြင်းခုံ ဆူညံချင်ညံနေကြပြန်ရော။ အသက် ၂၂ နှစ် အရွယ် အပျိုကြီးပေါက်စလေးနဲ့ ၁၆ နှစ် အရွယ် ဆက်ကျော်သက်လေး တို့ရဲ့ အချစ်ဇာတ်လမ်းဟာ နွားနို့ရဲ့ အရောင်လို ဖြူစင်ခဲ့ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် မုန့်ခွံ့ကျွေးနေရင်း ကြည်နူးရတာမျိုး၊ ခြံထဲ က အပင်အုပ်အုပ်ကြီးတွေ အောက်က ကွပ်ပျစ်ပေါ်မှာ ဒူးပေါ်မေးတင်ပြီး တစ်ယောက်မျက်ဝန်းထဲ တစ်ယောက်စိုက်ကြည့်နေတာ အကြာကြီး။

အဲ့လိုမျိုးတွေပေါ့လေ။

တစ်ခါတလေ ဧည့်ခန်းထဲက ဆက်တီခုံအရှည်ပေါ်မှာ တူတူ ခွေအိပ်ရင်း ဝတ္ထုဖတ်ကြတဲ့အခါ (မမက ကျနော့်ရင်ခွင်ထဲမှာပေါ့) စာကို အသံထွက်ဖတ်ရင်း ကျနော့်အသံတွေ တုန်လာတတ်တယ်။ မမဆံနွယ် တွေဆီက ရနေတဲ့ မွှေးပျပျ သင်းရနံ့ရယ်၊ ကိုယ်လုံး ထွေးအိအိလေးရဲ့ အထိအတွေ့တွေဟာ ကျနော့်ကို စိတ်ဖောက်ပြန်စေတတ်ခဲ့တယ်။ ဒါပေမယ့် တစ်ဆယ့်ခြောက်နှစ်သား ချာတိတ်လေးဟာ အံကို တင်းတင်း ကြိတ်ထားတာပါပဲ။ ကိုယ်မြတ်နိုးတဲ့ မမအပေါ် မဟုတ်တရုတ်တွေ တွေးရင် ငရဲငအိုးတွေ ကြီးကုန်မှာပေါ့လို့ တကယ်ယုံကြည်နေတာကိုး။

ဒါပေမယ့် မမ ကျနော့်ကို ဖမ်းမိတာပါပဲ။

အသံတုန်သလိုလို အဖြစ်မှာ ဆတ်ခနဲ ကျနော့်ရင်ခွင်ထဲက နေ မော့အကြည့် သူ့ရင်ညွန့်အစပ်ကလေးကို ခိုးငေးနေတဲ့ ကျနော့်ကို ပက်ပင်းအမိ အရှက်ကွဲသွားတဲ့ ကျနော်က မျက်နာတွေ နီရဲသွားတယ်။ စာလည်း ဆက်မဖတ်ဘူး။ မျက်လုံးကြီး စုံမှိတ်လို့ ငါတော့ သေသာ သေ လိုက်ချင်ပါတော့တယ် ဆိုတဲ့ ပုံစံနဲ့ တောင့်တောင့်ကြီး လုပ်နေ။ မမက ခွက်ထိုး ခွက်လှန် အော်ရယ်။ တစ်ကိုယ်လုံးကို တုန်ခါနေအောင် ရယ်ပစ် တာ။ အရယ်တစ်ဝက်နဲ့ မေးသေးတယ်။

“အဲ့ဒါက ဘာဖြစ်နေတာတုံး ကိုယ်တော်လေးရယ်…” တဲ့။

ကျနော် ပြန်မဖြေဘူး။ ဘောအကြီးလိုလို ဂိုက်ဖမ်းပြီး ငြိမ်နေ လိုက်တာပဲ။

အဲ့ဒီလို လုပ်နေတာကို သူ့စိတ်ထဲ မရိုးမရွဖြစ်တယ်နေမှာ ပေါ့။ ကိုယ်လုံးကို တစ်ပတ်လှည့်ပြီး ကျောပေးထားရာက မျက်နှာချင်း ဆိုင် ဖြစ်အောင်လုပ် အတင်းဖက်ပြီး မျက်နှာပေါ်ဝဲကျနေတဲ့ သူ့ဆံနွယ် တွေကို သပ်တယ်။ ကျနော့်ဂုတ်ကို သိုင်းဖက်ပြီး အောက်နှုတ်ခမ်းကို သွားဖြူဖြူလေးတွေနဲ့ ကိုက်ထားရင်း မချင့်မရဲဟန်နဲ့....

"ငါ့ကို နမ်းစမ်းပါ..." လို့ ဟောက်တယ်။

ကျနော်လည်း သူ့ပါးပြင်ကို တရွှတ်ရွှတ် မွှေးကြူတယ်။ နဖူး၊ ပါးမို့မို့၊ မေးစေ့၊ နားရွက်၊ နားသယ်စပ်လေးနားတဝိုက် . . . အဲ့လို ပတ်ချာ လည် လျှောက်မွှေးနေတာရယ်။ ကြာလာတော့ သူစိတ်မရှည်တော့ဘူး ထင်ပါတယ်။ ဆောင့်ကြီးအောင့်ကြီးအသံနဲ့ ပြောတယ်။

"နမ်းပါ ဆိုတာကို ဘာတွေ လျှောက်လုပ်နေမှန်းကို မသိဘူး၊ ဖယ်စမ်း ငါပြမယ် စိတ်ကို မရှည်တော့ဘူး..."

ကျနော်လည်း ကြောင်အအ နဲ့ရပ်လိုက်ကော မမရဲ့ ပူနွေးအိစို တဲ့ နှုတ်ခမ်းတွေဟာ ထူအမ်းအမ်း ကျနော့်နှုတ်ခမ်းကို ဖိကပ်သွားတော့တယ်။ ကျနော် ကယောင်ကတမ်းတွေ ပါးစပ်က ရွတ်ဖို့ကြိုးစားပေမယ့် အသံထွက်မလာတော့ဘူးရယ်။ ကျနော့် တစ်ကိုယ်လုံးဟာလည်း မမရဲ့ ဆံနွယ်အရှည်ကြီးတွေက ဖုံးအုပ်သွားပြီ။

မိနစ်အနည်းငယ်ကြာတော့ ကျနော် မမကို တွန်းထုတ်တယ်။

ကျွတ် . . . ဘာလဲကွာ ဆိုတဲ့ ဆူအောင့်အောင့် ငြူစုသံလေး ထွက်လာတယ်။

"ခဏလေးပါ မမရယ် . . . ကျနော် ရှူးထွက်ကျချင်သလို ဖြစ် လာလို့ အိမ်သာသွား....

"မညယ်.."

သူတို့ တိုင်းရင်းသား ဘာသာစကားနဲ့ ကျနော့်ကို ဆဲရင်း လွှတ် ပေးတယ်။ ငပေါကောင်လေး သွားသွား လို့ ပြောရင်း အော်ရယ်နေပြန် ရော။

၅။

အဲ့ဒီလိုနဲ့ ရက်တွေ ရက်တွေ ကြာလာခဲ့တယ်။ တစ်ရက်သား မမလည်း အိမ်မှာ မရှိတော့ ကျနော်နေ့တစ်ပိုင်းကျောင်းသွားတက်တယ်။ စာသင်ခန်းထဲမှာ သင်နေတာ ဓာတုဗေဒအချိန်ကြီး။ ကျောက်သင်ပုန်းမှာ အော်ဂဲနစ် ဓာတုဗေဒ သင်ခန်းစာတွေ ရေးထားတယ်။ ဒါနဲ့ဘေးက ကောင်ကို မေးကြည့်တယ်။

ဟရောင် ဟို CH ညီမျှချင်း CH က ညီမျှချင်းအပေါ်မှာ တုတ် ချောင်းတစ်ခု ပိုနေတာလား။ အမှန်က ညီမျှချင်းအပေါ်မှာ တုတ်ချောင်း ပိုတာမဟုတ် CH ထရစ်ပယ်ဘောင်း CH လို့ ရေးထားတာ။ အဲ့ဒါကို ဘေးမှာ ဓာတုဗေဒဆရာလာရပ်နေတာ မမြင်မိတော့ ဆရာက ကြားသွားတယ်။ မင်း ဘယ်သူလဲတဲ့ လာမေးရော။ ကျောင်းမတက်တာ ဘယ် လောက် ကြာပြီလဲ ဘာသင်နေမှန်းတောင် မသိတာတဲ့။ ကျနော်လည်း ဟာ တက်ပါတယ် ဆရာသတိမထားမိလို့ နေမယ် ဘာညာနဲ့ ရှီးလိုက်ရတယ်။

နောက်ရက် နေ့တစ်ပိုင်း ကျောင်းသွားမတက်ပြန်ဘူး။ မမနဲ့ပဲ သာယာနေတယ်။

သူတို့ ရပ်ကွက်က လမ်းမကြီးကို အဝင်အထွက်လုပ်တာ တစ်လမ်းပဲ ရှိတယ်။ တစ်ရက်သား မမဆီက အပြန် အဲ့ဒီလမ်းက ထွက် အလာမှာ ကျနော့် ကြီးဒေါ်ကြီး ထိုင်စောင့်နေတာနဲ့ ပက်ပင်းတိုးတာပဲ။ ဟိုတနေ့က ဓာတုဗေဒဆရာက ကြီးဒေါ်ကြီးရဲ့ သူငယ်ချင်းပဲ။ အိမ်ကို တိုင်လိုက်ပုံရတယ်။ စိတ်မြန်တဲ့ ကြီးဒေါ်က ဘာမှတောင် မမေးစမ်းတော့ ဘူး။ ကျနော့်ကို တားပြီး စက်ဘီးပေါ်က အဆင်းမှာ တစ်ချက်ပဲ ဝှစ်ခနဲ ညာဝိုက်လက်သီး ကျွေးတာပဲ။ သူက ငယ်ငယ်က မြို့နယ် ကရာတေး လက်ရွေးစင်။ ကာချိန်တောင် မရဘူး။ ဘယ်ဖက် မျက်လုံးကို ထိသွားတယ်။ ခွေကျသွားတာပဲ။ ဘတ်သီးကျွမ်းသွားတယ်။ ရေမန်ကန်းဘဝနဲ့ အိမ်ကို မနည်းပြန်ခဲ့ရတယ်။

တစ်ချိန်မှာ ကျနော့်ကို အတန်းပညာမှာ ကြီးကြီးကျယ်ကျယ် ဖြစ်မယ်လို့ ထင်မှတ်နေတဲ့ ကြီးဒေါ်ကြီးတွေက ဆွေ့ဆွေ့ခုန်ကုန်တာပါပဲ။ ၁၆ နှစ်နဲ့ မိန်းမ ယူတော့မယ်ပေါ့။ ငါတို့ တူလေး ဖွန်ကြောင်ရာက စိတ် လေလွင့်ပြီး ကျောင်းစာကို စိတ်မဝင်စားတော့ပါလားပေါ့။ အမှန်တကယ် က မဟုတ်ဘူးရယ်။ သူတို့ တူလေးဟာ မထုနဲ့ မတွေ့ခင်ကတည်းက သူတို့သိတဲ့ ငယ်ငယ်က ကျောင်းစာတော်ခဲ့ဖူးတဲ့ ချာတိတ် မဟုတ်တော့ ဘူး။ စာဆိုလို့ ပြန်ကြားရေး စာကြည့်တိုက်ထဲက ဝတ္ထုတွေ ကဗျာတွေ၊ သမိုင်းဆိုင်ရာ စာအုပ်တွေလောက် စိတ်ဝင်စားတော့တဲ့ကောင် ဖြစ်နေ ပြီ။ လပတ်စာမေးပွဲတွေမှာ ဇီဝဗေဒ တစ်မှတ်၊

ခေတုဗေဒရှစ်မှတ်၊ ရူပဗေဒ သုံးဆယ့်လေးမှတ် အဲ့လိုနဲ့ သိပ္ပံတွဲ ရမှတ် ၄၃ မှတ်နဲ့အောင် အဲ့လိုတွေ ဖြစ်ကုန်ပြီ။ ကျန်တဲ့ ဘာသာတွဲတွေလည်း အတူတူပဲ။ အင်္ဂလိပ်စာ၊ သင်္ချာ နဲ့ သမိုင်းဘာသာတွဲလောက် ဖတ်တာ။ ကျန်တာ မသိဘူး။ ငါ စိတ်မဝင် စားတာတွေ သင်မနေတော့ဘူး ဆိုတဲ့အတွေးအမြင်တွေ ဝင်ပြီး လေလွင့်နေတာ ကြာခဲ့ပြီ။

ဘတ်သီးကျွမ်း၊ ဘယ်ဖက်မျက်လုံး ပိတ်သွားတာ သက်သာ လာတော့ ကျနော် ကျောင်းတွေ ကျူရှင်တွေ ပုံမှန်ပြန်တက်တယ်။ ဒါပေမယ့် အိမ်က ဆားပုလင်း ထောင်ထားပြီ။ နောက်ကွယ်ကနေ လှုပ်ရှားမှုကို စောင့်ကြည့်နေကြပြီ။ ကျူရှင်သွားတက်ပေမယ့် မထုကို မတွေ့ဘူး။ သူလည်း ဘာဖြစ်သွားမှန်း ကျနော် မရေရာပါဘူး။ တစ်နေ့ သား မလုဆီက စာခေါက်လေးတစ်စောင် ရတယ်။

ကောင်လေး

အမေက နင် အဲ့ဒီကောင်လေးနဲ့ ဆက်မပတ်သက်ရဘူး တဲ့။ စာမေးပွဲလည်း မဖြေနိုင်းတော့ဘူး။ လောလောဆယ် အပြင် မထွက်ရသေးဘူး။

ထု

ဒါပဲ ပါတယ်။ ဘယ်လိုဖြစ်တာလဲလို့ မလုကို မေးလိုက်တော့ ဘေးခြံတွေက မြင်ပြီး တိုင်လိုက်ပုံရတယ် တဲ့။ သူတို့အိမ်ကလည်း ဘာသာမတူ၊ လူမျိုးကွဲတွေ လက်မခံဘူး။ အဲ့ဒါအပြင် နင်က ငယ်လွန်းနေ တော့ ခါးခါးသီးသီးပဲ တဲ့။ ကိုင်း … ရိုမီယိုနဲ့ ဂျူးလိယက် ဖြစ်ပြီပေါ့။

ဟန်မပျက်သာ နေရပေမယ့် ရုတ်တရက်ကြီး အဲ့လိုဖြစ်သွား တော့ မခံနိုင်ဘူးရယ်။

တစ်ညသား ညဥ့်သန်းခေါင်ကြီး အလစ်ချောင်းပြီး ထွက်၊ မြို့အစွန်က ရပ်ကွက်ထဲ ဝင်သွားတာပါပဲ။ မထုတို့ခြံဝင်းထဲ ခြံစည်းရိုးပင် တွေကို ဖြဲပြီး ဝင်တယ်။ မီးဖိုဆောင်အကွယ်နားလေးက အမှောင်ရိပ်ထဲ မှာ မလုက တစ်ဆင့်ပေးလိုက်တဲ့ စာအရ ချိန်းထားတဲ့အတိုင်း မထု အိမ်ပေါ်က ခိုးဆင်းလာပြီး ကျနော့်ကို စောင့်နေရှာတယ်။ ဆောင်းတွင်းကြီးဆိုတော့ ခိုက်ခိုက်တုန်အောင် အေးလွန်းတော့ စောင်ကလေး ပတ် ထားရင်း ရပ်စောင့်နေတာ။ ကျနော်ပြေးဝင်သွားတော့ စောင်နဲ့ ဆွဲပတ်ပြီး နှစ်ယောက်သား ပူးကပ်သွားတယ်။

ရက်ပေါင်းများစွာ ငတ်မွတ်နေခဲ့တဲ့ မွှေးရနံ့တွေ ရတယ်။ နွေးလွန်းတဲ့ အထိအတွေ့လေးတွေ ရတယ်။ ဒီတစ်ခါတော့ ကျနော် မရှက်ပါဘူး။ သူ့ကို တင်းတင်းပွေ့ဖက်ထားရင်း ဟန်မဆောင်နိုင်တော့ ပဲ အရှူးအမူး နမ်းတာပါပဲ။

ချွေးကလေးတွေ ဒဏ်ရာအနာတရ ရတဲ့အခါ အော်ညည်းလေ့ရှိတဲ့ တအီအီ အသံတွေ နှစ်ယောက်စလုံးဆီက ခပ်တိုး တိုး ထွက်နေတယ်။ မိနစ်အနည်းငယ်ကြာမှ တိတ်ဆိတ်သွားကြတယ်။ မှောင်လွန်းတဲ့ ညဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မမြင်ရဘူး။ မထုရဲ့ လက်ချောင်းပျော့ပျော့တွေက ကျနော့်မျက်နှာပြင်ပေါ်မှာ တရွရွ ပွတ်သပ်နေတယ်။

ပါးစပ်ကလည်း "ကောင်လေးရာ ... ငါ့ကောင်လေးရာ..." တဲ့။ လွမ်းဆွတ်နေတဲ့ ချစ်သူကို မျက်နှာတောင် မမြင်ရပဲ ကိုင်တွယ် ပွတ်သပ်နေရတဲ့ ဘဝဟာ ဘယ်လောက် နာကျင်စရာ ကောင်းလိုက်မလဲဗျာ။

နောက်ဆုံး အအေးဒဏ်ကြောင့် ခြေထောက်တွေ ထုံကျင်လာတဲ့ အခါမှ ကျနော်တို့ ကိုယ်လုံးချင်း ခွာဖြစ်ကြတယ်။ ခဏခဏလည်း ဒီလို ချိန်းတွေ့ဖို့ အခွင့်အရေးရလိမ့်မယ် မထင်ဘူး။ ခုတောင် နှစ်ယောက် စလုံးအတွက် အန္တရာယ်ရှိနေပြီ။ သူတို့ရပ်ကွက်က အဲ့လို အချိန်မတော် ဝင်လာတဲ့ သူစိမ်းကို ဓားနဲ့ ခုတ်လွှတ်တာမျိုးတွေ ရှိတယ်၊ ခုလို ချိန်းတွေ့ နေတာကိုလည်း ဝိုင်းဖမ်းတတ်တဲ့ ထုံးစံရှိတယ်။ ဒီကြားထဲ မထုက ကျနော့်နားရွက်နား ကပ်ပြီး တိုးတိုးပြောတယ်။

"ငါ့ကို သူတို့ တခြားမြို့မှာ ခဏသွားထားလိမ့်မယ်၊ ပေါက်ကရ မိုက်မိုက်ကန်းကန်းတွေ လျှောက်မလုပ်နဲ့နော် ကောင်လေး... ငါပြန်လာ တာကို စောင့်နေပါ..." တဲ့။

ကျနော့်ပါးပြင်ဟာ ပူနွေးစိုစွတ်သွားတယ်။ ၁၆ နှစ် အရွယ် ချာတိတ်လေး ကျနော် ကြံရာမရဖြစ်ပြီး အမှောင်ထဲမှာ ငိုနေပြီ။ မထု သိသွားသလား မသိဘူး။ ကျနော့်ပါးနှစ်ဖက်ကို သူ့နှုတ်ခမ်းတွေနဲ့ လျှောက် ပွတ်ပြီး မျက်ရည်တွေကို ရော်ရမ်းမှန်းဆပြီး ဖယ်ထုတ်ပေးနေတယ်။ ခဏငြိမ်ခံနေပြီး ကျနော်ရှုန်းတယ်။ သွားတော့မယ်လို့ ခပ်တိုးတိုး ပြော လိုက်တယ်။ သူ့ဆံပင် အရှည်ကြီးတွေကို မြတ်မြတ်နိုးနိုး နမ်းတယ်။ တစ်ခါက အူယားခဲ့ဖူးတဲ့ ခါးကျင်ကျင်လေးကို အားပါးတရသိုင်းဖက် တော့ ကော့တက်သွားတယ်။ နဖူး၊ ပါးဖောင်းဖောင်းလေး နှစ်ဖက်၊ ဝိုင်းစက်စက် မျက်လုံးလေးတွေကို မှန်းဆပြီး နမ်းတယ်။ နောက်ဆုံး ဖူးအိတဲ့ နှုတ်ခမ်းလေးဆီ ရောက်သွားတယ်။ အားပါးတရ တစ်ခါနမ်းပြီး သူ့ကို တွန်းထုတ်ပစ်လိုက်တယ်။ စောင်နဲ့ပတ်ထားတာ ကွာသွားတော့ အေးခဲချင်သလို ဖြစ်သွားတယ်။ အမှောင်ထဲမှာ မထုကို နှုတ်မဆက်ပဲ ကျနော် ချာခနဲ လှည့်ထွက်လာခဲ့လိုက်တယ်။

“နင် ငါ့ကိုချစ်တယ်ဆို ငါနဲ့လိုက်ခဲ့

ဆယ်တန်းမအောင်လို့ ဘာမှမဖြစ်သွားဘူး

တောင်ယာခုတ်စားလို့ရတယ် လာပါ ကောင်လေးရာ ...

ပြေးကြစို့ . . . တဲ့”

အဲ့ဒီအဖြစ်အပျက် အပြီး နောက်ပိုင်းနေ့ရက်တွေမှာ ကျနော် ဟာ ကျောင်းတက်လိုက်၊ ကျူရှင်တက်လိုက် တစ်ခါတလေ မတက်ချင် မတက်လိုက်နဲ့ လုပ်ချင်တိုင်း လုပ်နေတာပါပဲ။

အရေးထဲ ငစိုင်း ဆိုတဲ့ ကောင်ကလည်း ကိုယ့်ထက်ဆိုးတဲ့ ဘဝရောက်သွားတယ်။ အရက်ပုလင်းကြီး ခါးကြားထိုးလို့ မျက်နှာသေ ကြီးနဲ့ တစ်မြို့လုံး လျှောက်သွားနေတာရယ်။ ဆယ်တန်း မဖြေတော့ဘူး တဲ့။ အသည်းကွဲသွားပြီတဲ့။ အဖြစ်အပျက်ကတော့ ခပ်ဆင်ဆင်ပဲ။ ဒါပေ မယ့် ကိုယ့်ထက်ဆိုးနေတယ်။ သူ့မမ ဆိုတာ ကချင်ပြည်နယ် မယ်ဘွဲ့ရတဲ့ တိုင်းရင်းသူ အပျံစားကြီး။ ဆယ်တန်းကျောင်းသား ချာတိတ်လေး ငစိုင်း ကို ဗွမ်းပြီး တရုတ်သူဌေးတစ်ကောင်နဲ့ ယူသွားပြီ။ မအေဘေးလေး လူးလိမ့်နေတာပဲ။ အိမ်ကလည်းမနိုင်တော့ဘူးထင်ပါတယ်။ ဘာမှမပြော ပဲ ပစ်ထားလိုက်ရတယ်။

နှစ်ကောင်သား မြစ်ကမ်းဘေးမှာ တစ်နေကုန် ထိုင်၊ မြစ်ပြင် ကြီးကို အဓိပ္ပာယ်မဲ့ တစ်နေကုန်ထိုင်ငေးရင်း မင့်မမက ငါ့မမကနဲ့ ဒါတွေ ချည့် ပြောနေကြတာပဲ။ အမယ် ငမူးက မျက်ရည်တွေ ဘာတွေ ကျကျ လာသေးတာ။

နောက်တော့ အခြေနေ မဟန်မှန်းသိလို့ သူ့အိမ်က ဘယ်ပို့ လိုက်တယ်မသိဘူး။ မြို့ကနေငစိုင်းပျောက်သွားတယ်။ ဆယ်တန်းဖြေတဲ့ အချိန်ထိ မရောက်လိုက်ဘူး။

ဘက်ပဲ့သွားတဲ့ ကျနော်လည်း ယောင်ချာချာနဲ့ ကျောင်းစာအုပ် တွေ ပြေးကိုင်တော့တာပဲ။ ဘာကြောင့်ရယ်လို့ မဟုတ်ပေမယ့် ကြီးဒေါ် တွေကို သနားတာကိုး။ ဒါပေမယ့် အချိန်က နောက်ကျနေခဲ့ပြီ။ ကျောင်း စာအုပ်တွေကို ကောက်ကိုင်တဲ့ အချိန်မှာ စာမေးပွဲက ရက်ပိုင်းလောက် ပဲလိုတော့တယ်။

တစ်နှစ်ပတ်လုံး ပေတေ မိုက်မဲခဲ့သမျှ ခုမှ ဘာထလုပ်တာလဲ ဆိုတော့ နောက်ကွယ်မှာ အကြောင်းရင်းတစ်ခု ရှိနေတယ်။ ကျနော့် အဘွားနဲ့ ကြီးဒေါ်ကြီးကို သနားတဲ့စိတ် ဝင်လာတာရယ်။ သူတို့က ကျနော့်အခြေနေမှန်ကို မသိဘူး။ ငယ်ငယ်က ကောင်လေးလိုပဲ မှတ်နေ ကြတုန်း။ ဆယ်တန်းအောင်ရင် ဘယ်တက္ကသိုလ်သွားရမယ်၊ ဘာကြီး ဖြစ်လာမယ် အဲ့လိုတွေ ကျနော့်ကို မျှော်လင့်တကြီး မျက်နှာတွေနဲ့ ပြော ပြောနေကြတာ မြင်ပြီး စိတ်ထဲ ရုတ်ချည်း အပြောင်းအလဲတစ်ခု ဖြစ်သွားတယ်။ ငါဟာ ဆိုးချင်တိုင်းဆိုးခဲ့ပြီ၊ ဒီတစ်ခါတော့ သူတို့စိတ်ချမ်းသာပါစေ တော့ပေါ့။

စာအုပ်တွေကို ကောက်လှန်တယ်။ အသားကုန်ကျုံးပြီး အတင်းဖတ်တယ်။ ငယ်ကကတည်း မွေးရာပါ တစ်ခါလောက် အာရုံ စိုက်ပြီး ဖတ်မိတာနဲ့ အတိကျ ပြန်ပြောနိုင်တဲ့ ဓာတ်ပုံမှတ်ဉာဏ်လိုဟာမျိုး ကို အားကိုးပြီး အတင်းလုပ်ယူတယ်။ ဒါပေမယ့် တစ်နှစ်ပတ်လုံး အသေ ချာ မသင်ခဲ့တဲ့ စာတွေကို ဘယ်လိုလုပ် ချက်ချင်းရမှာတဲ့လဲ။

ခက်တာက ကျနော့်စိတ်က တစ်ခုခုကို လုပ်မိပြီဆို အရှုံးမပေး ချင်တဲ့ စိတ်ရှိတယ်။ ဒါချည့်ပဲ ကျန်တာမသိတော့ဘူး ဆိုတဲ့ စိတ်။ လူတွေ နဲ့ အဆက်အဆံ မလုပ်တော့ဘူး။ အပြုံးအရယ်မရှိတော့ဘူး။ ပေတေပြီး စာတွေ ထိုင်လုပ်နေတာရယ်။ အင်္ဂလိပ်စာနဲ့ သင်္ချာကတော့ မထောင်းသာလှပေမယ့် ကျန်တဲ့ဟာတွေက တစ်ခါမှတောင် စာအုပ်ဖွင့်မကြည့်ဖူး ဘူးလေ။ ဒီတော့ကာ ပတ်ချာလည်နေတာပဲ။ ငါရပါတယ်ကွာလို့ ကိုယ့် ကိုယ်ကိုယ် ထင်တစ်လုံးဖြစ်နေတဲ့ စိတ်က အတည်ကြီးဖြစ်နေဆဲပဲ။

စာမေးပွဲ ရောက်လာတယ်။ ဝင်ဖြေတယ်။ တစ်ဘာသာ၊ နှစ် ဘာသာ၊ သုံးဘာသာ အခြေမပျက်သေးဘူး။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ အစဉ်လိုက်ကိုး။ အဲ့ဒီမှာ စာမေးပွဲခန်းထဲက ထွက်အလာမှာ ပတ်ဝန်းကျင်ကို မမြင်ဘူး။ ကိုယ့်အာရုံနဲ့ကိုယ် ဝေဝေဝါးဝါးကြီး လျှောက် နေတာ။

“ကောင်လေး .” ဆိုပြီး လက်အဆွဲခံလိုက်ရပြီး ရနေကျ မွှေးရနံ့လေးတွေ သင်းခနဲ ဖြစ်သွားလို့ မော့ကြည့်လိုက်တော့ ကျနော့် မထု ဖြစ်နေတယ်။ ပျောက်ဆုံးနေတဲ့ ချစ်သူမမကို ပြန်တွေ့ပေမယ့် ကျနော့်စိတ်အခြေနေဟာ ပုံမှန်ဟုတ်မနေဘူး။ သူက အတင်းဆွဲခေါ်သွား လို့ ကျောင်းနဲ့ မနီးမဝေးက လက်ဖက်ရည်ဆိုင်ကို ရောက်သွားတယ်။ ကျနော့်ခေါင်းထဲမှာ ဖြေရမယ့် နောက်တစ်ဘာသာ (သုံးတွဲပေါင်း တစ်ဘာသာ) ထဲက စာတွေ တဖျတ်ဖျတ်နဲ့ ပြေးနေတယ်။ စိတ်လှုပ်ရှား နေတဲ့ မထုမျက်နှာကိုသာ ငေးနေရတယ်။ လူက တစ်မျိုးကြီးပဲ။ ရေနစ် နေသလိုလို မွန်းကြပ်ကြပ်ကြီး။ တကယ်ဆို မမရယ် ဆိုပြီး သူ့ကို အတင်း ဆွဲပွေ့ထားချင်နေတယ်။ ဒါပေမယ့် ကိုယ့်ပခုံးပေါ်မှာ ဖိစီးထားတာက စာမေးပွဲဆိုတာကြီး။ ငါဘာမှန်းမသိပဲ အလွတ်အသေ မှတ်ထားတာတွေ နက်ဖန်ဖြေရမယ်။ မမှတ်မိရင် ဘယ်လိုလုပ်မလဲ။ ငါ့ကို အဟုတ်မှတ်နေ တဲ့ ငါ့အဘွားနဲ့ ငါ့ကြီးဒေါ် မျှော်လင့်ချက်တွေ ပျက်စီးကုန်တော့မှာလား။ အဲ့လိုတွေရယ်။

မထု ကျနော့်ကို စကားတွေ တတွတ်တွတ် ပြောတယ်။ “ငါတို့ထွက်ပြေးကြမယ် ကောင်လေး... ငါ နင်မရှိပဲ မနေတတ်ဘူး...” တဲ့။

“ကျနော် အဲ့လို မလုပ်နိုင်ဘူး၊ စာမေးပွဲ စာမေးပွဲ စာမေးပွဲ . . . ကျနော့်အဘွား ကျနော့်အဒေါ်သူတို့မျှော်လင့်နေရှာတာ...” လို့ ထစ်ထစ် ငေါ့ငေါ့တွေ

ပြန်ပြောမိတယ်။

"နင် ငါ့ကိုချစ်တယ်ဆို ငါနဲ့လိုက်ခဲ့၊ ဆယ်တန်းမအောင်လို့ ဘာမှမဖြစ်သွားဘူး၊ တောင်ယာခုတ်စားလို့ ရတယ်၊ လာပါ ကောင်လေး ရာ... ပြေးကြစို့" တဲ့။

"ကျနော် ခင်ဗျားကို ချစ်တယ်၊ ဒါပေမယ့် အဲ့လိုလုပ်လို့ မရဘူး" လို့ ခပ်တင်းတင်းပြောပြီး ကျနော် ထထွက်ခဲ့မိတယ်။ နောက်ကို တစ်ချက် မှ ပြန်လှည့်မကြည့်ဘူး။ ကျနော့် ရင်ဘတ်ထဲမှာ မိုးပြိုနေပြီ။ ဒါပေမယ့် အိမ်ကို မြန်မြန်ပြန်တယ်။ ငါ စာကြည့်ရမယ်ဆိုတဲ့ စိတ်။ ကျနော်ချစ်တဲ့ မိန်းမ ဆိုတာ ကျနော့်ကို လူဖြစ်အောင် မွေးလာခဲ့တဲ့ လူတွေထက် အရေးမကြီးဘူးဗျာ။

နောက်တစ်နေ့ စာမေးပွဲသွားဖြေတယ်။ လက်ပူတိုက်ထားတဲ့ ဘာသာရပ်၊ ငိုမဲ့မဲ့ဖြစ်နေမယ့် မမကို ပြေးပြေးမြင်၊ ကျနော် ဘာတွေဖြေ လာခဲ့မှန်း မသေချာပါဘူး။ စာမေးပွဲခန်းထဲက ထွက်လာတော့ မထု လာ စောင့်နေမလား တစ်ချက် ရှာကြည့်မိသေးတယ်။ မတွေ့ပါဘူး။ အိမ်ပြန် ရောက်တော့ အဘွားက ဆီးမေးတယ်၊ ဘယ်လိုလဲ ငါ့မြေးတဲ့။ ကျနော် က ဟန်ဆောင်ပြုံးလေး ပြုံးပြပြီး မျက်စိမှိတ်ပြတယ်။ အေးဆေးပါဗျ လို့။ ရင်ထဲမှာတော့ ခဲဆွဲထားသလို လေးလံနေတယ်။ တစ်ဘဝလုံး ကိုယ် ဖြေလာတဲ့ စာမေးပွဲတွေကို ဘယ်နှစ်မှတ်ရမယ် အတပ်သိပြီး တကယ် တမ်း အဖြေထွက်လာရင် တစ်မှတ်နှစ်မှတ်လောက်ပဲ လွဲခဲ့ဖူးတဲ့ ကျနော် ခုဆို ဘာဖြစ်မယ်မှန်းတောင် မသိတော့ဘူး။

နောက်ဆုံးဘာသာတွဲ သွားဖြေတယ်။ အတူတူပဲ။ သုံးဘာသာ တွဲကို ကျနော် အသေချာသိတာက တစ်ဘာသာလောက် ပါတာ။ ကျန် တာတွေက လက်ပူတိုက် အသေမှတ်ထားတာချည့်ပဲ။ ဆိုးရွားလွန်းတာ က မမ။ ကျနော့် မမကို လှမ်းမြင်လိုက်ရတယ်။ အုတ်တံတိုင်းအပြင်ဖက် ကနေ လက်ပိုက်ပြီး စောင့်နေတာ။ ကျနော် စာမေးပွဲဆက်ဖြေရမလား၊ သူ့ကို လှမ်းသနားရမလား၊ မရေရာဘူး။ သူ့ကိုလည်း မျက်နှာချင်း မဆိုင် နိုင်တော့ဘူး။ ချစ်ခြင်းမေတ္တာနဲ့ မိုက်မဲတာဟာ တခြားစီဆိုတာကို သူ နားမလည်ဘူးလား။ ဆယ့်ခြောက်နှစ်အရွယ် ကောင်လေးနဲ့ နှစ်ဆယ့် နှစ်နှစ်အရွယ် ကောင်မလေး ထွက်ပြေးတော့ကော ဘဝက လှမှာတဲ့ လား။ သူရှုံးသွားပြီ။ ကျနော် မရှုံးဘူး။ ကျနော်က သူ့ထက် ငယ်ပေမယ့် အတိုင်းအတာတစ်ခုထိ အသိစိတ်ရှိသေးတယ်။

အဖြေလွှာစာရွက်ထဲ ရေးချင်တာတွေ ရေးထည့်ပြီး အချိန်စေ့ ခါနီးတော့ အဖြေလွှာအပ်တယ်။ စာမေးပွဲခန်းစောင့် ဆရာမရဲ့ ဟဲ့ဟဲ့ လို့ လှမ်းအော်သံကို ကြားလိုက်ရတယ်။ ကျနော် ကျောင်းခန်းပြူတင်းပေါက် ကနေ ခုန်ချသွားတာ။

ကျနော်ဟာ မမလှလှကို ချစ်ပါတယ်။ ဒါပေမယ့် ကျနော် ရင်ဆိုင်နေရတဲ့ ကျနော့်ကို ဒုက္ခလာပေးနေတဲ့ ဘဝမှာ အရွယ်နဲ့မမျှတဲ့ ဖိစီးမှုကြီးကို သည်းမခံနိုင်တော့ဘူး။ ကျောင်းနောက်ဖက်က မြက်ခင်း ပြင်ကို ဖြတ်ပြေးရင်းနဲ့ ကျနော် အော်ငိုနေတာပါပဲ။ အကုန်ရှုံးတယ်။ အချစ် ကို ရှုံးတယ်။ စာမေးပွဲ ရှုံးတယ်။ အဘွားနဲ့ ကြီးဒေါ်ကြီးတို့ရဲ့မျှော်လင့်ချက် ရှုံးတယ်။ တတ်နိုင်ရင် ခုချက်ချင်း ကျနော့်တစ်ကိုယ်လုံး မီးတောက်မီးလျှံ တွေ ဟုတ်ခနဲ စွဲကပ်သွားပြီး လောင်ကျွမ်းပျောက်ကွယ်သွားပစ်လိုက် ချင်တယ်။

ခြံထဲကို အမျိုးသမီးတစ်ယောက် ဆင်းလာတယ်

ဖြာကျနေတဲ့ နံနက်ခင်း နေရောင်ခြည်အောက်မှာ

ပြေးလွှားတတ်ခါစ ကလေးငယ်လေး တစ်ယောက်နဲ့ ဆော့ကစားနေကြတယ်

စာမေးပွဲတွေပြီးလို့ သုံးလေးရက်နေတော့ မြို့လယ်ခေါင်မှာ သူငယ်ချင်းတွေနဲ့ ညဖက် ကျနော်လက်ဖက်ရည်ဆိုင် ထိုင်တယ်။ မီး ဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ မထုရောက်လာပြီး ဝိုင်းထဲ ဝုန်းခနဲ ဝင်ထိုင်လိုက်တယ်။ တစ်ခါက နူးညံ့ပြုံးချိုဖူးတဲ့ မျက်နှာလေးက ကျနော့် ကို သတ်ချင်နေတဲ့ ဟန်နဲ့။ ကျနော်လား။ ကျနော် မကြောက်ပါဘူး။ ပြုံးပြ နေတာရယ်။ နာကျင်မှုတွေ မှန်သမျှကို လျှောင်ပြုံးနဲ့ ရင်ဆိုင်နေပြီ။ ဒေါသ တကြီး မေးတယ်။

"မင်းဘာဖြစ်ချင်လဲ" တဲ့။

"ဆယ်တန်းအောင်ချင်တယ်ဗျာ .. ." လို့ ပြန်ဖြေလိုက်တယ်။

ဒါကြီးဟာ ပြောင်ချော်ချော်လိုလို ဖြစ်နေပေမယ့်လို့ ခင်ဗျား ကျနော့်ကို ဒုက္ခလာပေးလို့ ကျနော့်မိသားစုအပေါ် မျက်နှာပျက်ရတာလို့ ရှိနေတာရယ်။ ဘေးက သူငယ်ချင်းတွေက အခြေနေမဟန်မှန်း ရိပ်မိတယ်။ မထု . . . စိတ်ထိန်း။ ဟကောင် သွားသွား မထုနဲ့ လိုက်သွားလိုက်။ တစ်နေရာရာမှာ သွားရှင်းကြ။ ဒီမယ် လူတွေနဲ့ လို့တွန်းလွှတ်ကြတယ်။

မလှမ်းမကမ်းက ဘုရားဝန်းထဲ ရောက်သွားကြတယ်။ ရေကန် ဘေးက အမှောင်ရိပ်ထဲမှာ မျက်နှာချင်းဆိုင်ရပ်ကြတယ်။ စကားတွေ အကြာကြီး မပြောပါဘူး။ လိုတိုရှင်းပါပဲ။

"မင်း ငါ့ကို ပြတ်သလား"

"ခင်ဗျားသဘောပါပဲ"

"ငါနဲ့မလိုက်ရင် ပြတ်ပြီပဲ"

"ဟ ဟ . . . ကျနော် မရူးသေးဘူး၊ ခင်ဗျားက ကျနော့်ထက် အသက်ပဲ ကြီးတာ၊ စဉ်းစားဉာဏ်က မကြီးဘူးပဲ" "အလကား စကြောက် သတ္တိမရှိတဲ့ ကောင်" သတ္တိဆိုတာရဲ့ အနက်ကို ခင်ဗျားနားမလည်ပါဘူးဗျာ"

"မင်း ငါ့ကိုချစ်လား၊ ဒါနောက်ဆုံး မေးတာပဲ"

"ဟား... ချစ်တာနဲ့ မိုက်မဲတာ ရောလို့မရဘူးဗျ"

"အဟက်... မင်းက စကားတတ်တိုင်း ပတ်ပြောတာပဲ"

အသံတိတ်တွေ ရုတ်တရက် တိတ်ဆိတ်သွားတယ်။ သူ ကျနော့်ကို ဆွဲဖက်တယ်။ လည်ပင်းကို သိုင်းဖက်ပြီး အတင်းဖက် နမ်းတယ်။ မျက်နှာတဝိုက်၊ နဖူး၊ လည်တိုင်၊ နှုတ်ခမ်း၊ နေရာမလပ် နမ်းလို့ဝ တော့မှ လွှတ်ပေးတယ်။ ရေကန်အလယ်က မီးချောင်းအရောင်လဲ့လဲ့မှာ နာကျင်နေတဲ့ သူ့မျက်နှာကို မြင်လိုက်ရတယ်။ သူ ငိုတော့ ငိုမနေဘူး။ အံတစ်ချက်ကြိတ်ပြီး ကျနော့်ကို ခပ်တိုးတိုးပြောတယ်။

“ငါတို့ နောက်ထပ်တွေ့ရတော့မယ် မထင်ဘူး ကောင်လေးရာ ...” တဲ့

စကားဆုံးတာနဲ့ ကျနော့်ကို တွန်းလွှတ်ပြီး ချာခနဲ လှည့်ထွက် သွားတယ်။ တစ်ခါက ကျနော် မြတ်နိုးရှူးသွပ်ခဲ့ဖူးတဲ့ ဆံနွယ်ခက်ခက်ကြီး တွေ ဝဲခနဲ ဖြစ်သွားတာကို ငေးရင်း တွေတွေကြီး ရပ်လို့ကျန်ခဲ့တယ်။ ကျနော်ဟာ အရှုံးပဲ။

တစ်ခါက လွမ်းစရာတွေကို ပြန် သွားသွားကြည့်ပြီး တစ် ယောက်တည်း ကြိတ်ရူးတတ်တဲ့ ကောင်။ နောင်နှစ်တွေ ကြာလာတဲ့ အခါ . . . ဇာတိမြို့ကို ပြန်တိုင်း ညဖက်ကြီး အဲ့ဒီအဖြစ်အပျက်ဖြစ်ပွားခဲ့တဲ့ ရေကန်နား သွားသွားထိုင်နေတတ်တယ်။ မြို့အစွန် ရပ်ကွက်ထဲကို တိတ်တဆိတ် ဝင်သွားတတ်တယ်။ တရုတ်ဆီးသီးပင် အုပ်အုပ်ကြားထဲ က နှစ်ထပ်ပျဉ်ထောင်အိမ်မည်းကြီးကို ခပ်လှမ်းလှမ်း ဆိုင်ကယ်ပေါ်က နေ ဆစ်ကလက်ဖွာရင်း ငေးနေတတ်တယ်။

တစ်နှစ်မှာ ဆောင်းတွင်း မနက်ခင်းပိုင်းပဲ။ အဲ့ဒီခြံဝင်းနဲ့အိမ်ကြီး ကို ကျနော် သွားငေးနေတယ်။ ကျနော်မှတ်မိတာက ကျနော်က လီဗိုင်း ဂျင်းရုပ် အဝါရောင်ကို လက်ခေါက်ပြီးဝတ်၊ စတိုင်ပန် အနက်ရောင်ကို အဖျားလိပ်ပြီး ဝတ်ထားတယ်။ လန်ဒန်ဆစ်ကလက်ကို တစ်လိပ်ပြီး တစ်လိပ်ဖွာလို့ ငေးနေတာ။

ခေါင်ရည်ခွက်တွေ အများကြီး ငါသောက်ခဲ့တာပေါ့။ ဖိနပ် တောင် ပျောက်ခဲ့ဖူးပါလား။ ဖိနပ်ပျောက်တာထက် ဆိုးတာက ငါ့ဘဝ ထဲက မမ ပျောက်သွားတယ်။ အဲ့လိုတွေ တွေးရင်း မျက်နှာပေါ်မှာ အပျော် တွေ ဖြတ်ပြေးသွားလိုက်၊ အလွမ်းငွေ့တွေ ဖြတ်ပြေးသွားလိုက်နဲ့ရယ်။ အဲ့ဒီမှာ ခြံထဲကို အမျိုးသမီးတစ်ယောက် ဆင်းလာတယ်။ ဖြာကျနေတဲ့ နံနက်ခင်း နေရောင်ခြည်အောက်မှာ ပြေးလွှားတတ်ခါစ ကလေးငယ် လေး တစ်ယောက်နဲ့ ဆော့ကစားနေကြတယ်။ ဟိုးအဝေးက ဆိုင်ကယ် ပေါ်ထိုင်နေတဲ့ ကျနော့်ကို လှမ်းမြင်တဲ့အခါ ဇဝေဇဝါဟန်နဲ့ လှမ်းငေးတယ်။ ခဏကြာတော့ လက်ဖှော့ရမ်းပြလာပြီး အော်တယ်။

“ကောင်လေး...” တဲ့။

ဆိုင်ကယ်ကို ချက်ချင်းစက်နှိုးပြီး ကျနော် မောင်းထွက်ခဲ့တယ်။

ကျနော်က အရှုံးပါဗျာ။

https://t.me/TheBookR

ကိုသံချောင်းနှင့် နှစ်ပေါင်း ၂၀

၁။

"ကိုသန်းထွန်း၊ ခင်ဗျားဟာ မန်းလေးရောက်တာ အနှစ် ၂၀ ကြာတာတောင် မိုက်ရိုင်းနေတုန်းပဲ" တဲ့။ ဒေါက်တာသန်းထွန်းကို သူ့ မိတ်ဆွေတစ်ယောက်က အဲ့ဒီလို ဆိုဖူးသတဲ့။ ကျနော်လည်း အဲ့ဒီစကား ကို မှီးပြီး ပြောရရင် နှုတ်ခမ်းမွှေးဆိုတဲ့ လူဟာ ကျနော်နဲ့ အနှစ် ၂၀ ကျော် ပေါင်းလာတာတောင် ခုထိ ဂွတိုက်တုန်းပဲ။ လူမုန်းများမယ့် စကားတွေ ဆိုတုန်းပဲ။ သံခင်းတမန်ခင်း စကားတွေ ကျနော့်လို မဆိုတတ်သေးဘူး။

"မင့် ကလေးမသာ အပြုံးမျိုးနဲ့ တစ်ဖက်လူကို ကြည့်တဲ့ပြီး ခင်ဗျားပြောတာ ဟုတ်လောက်တယ် ဆိုတဲ့စကားရယ်၊ ကျနော်ပြော ကြည့်ရမလား ဆိုတဲ့ အချိုးတွေရယ်ကို ငါရွံသကွာ"တဲ့။

အတွင်းစိတ်မှာ လျောင်ရယ်နေပေမယ့် အပြင်မှာ ပလီပလာ တီတီတာတာ လုပ်လုပ်ပြတာတွေကို သူက သိပ်ကြိုက်ပုံမရဘူးရယ်။

"ဟေ့ . . . အယူအဆချင်း မတူလို့ကတော့ ကတုတ်ကျင်း ဟိုဖက် ဒီဖက်နေမယ်" ဆိုတာက သူကျူးရင့်နေကျ စကားပေါ့လေ။ သူ အဲ့လိုပြောလိုက်တိုင်း ကျနော်တော့ မော်စီတုံးနဲ့ လျိုရှောက်ချီကို သွားပြေးမြင်တာပါပဲ။ ယဉ်ကျေးမှုတော်လှန်ရေး လှိုင်းထန်စဉ်က တရုတ်ပြေ မှာ မော်စီတုံးကို ထောက်ခံတဲ့ တပ်နီလူငယ်တွေဟာ သူတို့ အဖိုးအရွယ် လောက်ရှိတဲ့ ဝါရင့်ကွန်မြူနစ်ကြီး လျိုရှောက်ချီကို ကဲ့ရဲ့ရှုတ်ချပြီး ပါးရိုက် နားရိုက်တွေ လုပ်တဲ့အခါ ရဲဘော်ရဲဘက်ဖြစ်သူ ဥက္ကဋ္ဌကြီး မော်စီတုံးဟာ လက်ပိုက်ကြည့်နေခဲ့သလိုမျိုး၊ ဒီနှုတ်ခမ်းမွှေးဟာ တစ်ချိန်မှာ ငါနဲ့ အယူအဆရေးရာ သဘောထားကွဲလွဲခဲ့ရင် အဲဒီလိုများ ရက်စက်လေမလား ပေါ့။ ထားပါတော့လေ။ နှုတ်ခမ်းမွှေးဟာ ဒီတစ်သက် မော်စီမတုံးနိုင် တော့သလို မောင်ပါပီဟာလည်း လျိုရှောက်မချီနိုင်ပါဘူး။

နှုတ်ခမ်းမွှေးအကြောင်း ကျနော် သိပ်မသိဘူး။ အနှစ် ၂၀ရဲ့ ဟိုဖက်ဆီမှာ ဘာတွေဖြစ်ခဲ့တယ် မဆိုနိုင်ဘူး။ ကျနော်နဲ့ တွေ့တော့ သူ့ အသက်၂၀ ကျော် ပေါ့။ ရုပ်ရှင်ဆန်ဆန်ဇာတ်လမ်းထဲက လွတ်မြောက် လာသူပေါ့။ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းမှာ ဆီအုန်းစိုက်ခင်းတွေ ရှိသတဲ့။ အလုပ်သမားလိုသည် ဆိုပြီး သတင်းစာထဲ ကြော်ငြာပါလာတော့ သူသွားလျှောက်တယ်။ ပါသွားတယ်ပေါ့။ ကျွန်းက ကော့သောင်းနဲ့ တော်တော်ဝေးတယ်။ စက်လှေက တစ်လမှ တစ်ခါလောက် ရိက္ခာလာပို့ နိုင်တယ် (ဖေမြင့်ရဲ့ ကျွန်း ဝတ္ထုထဲကလို ပေါ့)။ အဲ့ဒီမှာ

သူ့လို သတင်းစာ ကြော်ငြာတွေ့ပြီး အလုပ်လာလျှောက်တဲ့ လူတွေကို အစုလိုက် အပြုံ လိုက်ပို့ပြီး လပေါင်းများစွာ ပိုက်ဆံတစ်ပြားမှ မပေးပဲ ကျွန်ပြုထားသတဲ့။

တိုတိုနဲ့ လိုရင်း ပြောရရင် သူ အဲ့ဒီကျွန်းက ထွက်ပြေး လွတ် မြောက်လာခဲ့တယ်။ မှတ်ပုံတင် မပါဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခု နဲ့ လွတ်လာတာ။ တစ်ခါမှ မမြင်ဖူးတဲ့ ကောင်းသောင်းက ဆရာဝန်တစ် ယောက်က မှတ်ပုံတင် အတုတစ်ခု ဝယ်ပေး၊ သင်္ဘောလက်မှတ်ခံပေး လိုက်လို့ ရန်ကုန်ပြန်ရောက်လာတယ်၊ ဒါပဲ။ အကျယ်ချဲ့ပြောရရင် ရှည်လျားလွန်းလို့ ဒီလောက်ပဲ။

ရန်ကုန် ပြန်ရောက်တော့ တာမွေ အရိုးကုန်းက ရေဒီယို ကက်ဆက် တီဗီပြင်တဲ့ သင်တန်းတစ်ခုမှာ ကျနော်နဲ့ ဆုံတာပဲ။ ဆံပင်က ဘုတ်သိုက်ကြီး။ အင်္ကျီက ညစ်ထေးထေး၊ ပုဆိုးအနွမ်းနဲ့။ လူက အမြဲ ဗိုက်ဆာနေတဲ့ ရုပ်။ သင်တန်းက ဆရာကို ဒုက္ခရောက်စေတဲ့ မေးခွန်းတွေ လျှောက်လျှောက်မေးနေတာရယ်။ အုမ်း နိယာမ မှားနေတယ် ဘာညာတွေပေါ့။ စောက်ရူးကြီး ဆိုပြီး ကျနော်လည်း ဒီတိုင်းကြည့်နေ တာရယ်။ အအေးတစ်လုံး ၂၀၊ အသုပ်တစ်ပွဲ ၂၀ ခေတ်မှာ သင်တန်း ရှေ့က လက်ဖက်ရည်ဆိုင်လေးမှာ ကျနော်တို့ ထိုင်ကြတိုင်း သူဝင်ဝင် ထိုင်တယ်။ လူက ဗိုက်ဆာနေတဲ့ ရုပ်မို့ စိတ်မကောင်းဖြစ်ပြီး ဟေ့လူ အသုပ်စားမလားလို့ မေးမိတာကို ယီးမှ မစားဘူးတဲ့။ ကျနော်က စိတ် အင်မတန်ဆတ်တဲ့ ကောင်။ ဒါပေမယ့် ပြုံးပြီး "သြော် . . ." ပေါ့။ စောက် ကြောမာလှချေလား အရူးရယ် ဆိုပြီး ဘာမှဆက်မပြောဘူး။ သူ့ဖာသာ ဝိုင်းထဲ ဝင်ထိုင်ပြီး သင်တန်းတက်ဖက်တွေကို ပေါက်တီးပေါက်ရှာ အလုံး တွေနဲ့ ကပ်ဖွဲ့ပြီး လျှောက်ငြင်းခုံနေတယ်။ နေပလေ့စေဆိုပြီး လွှတ်ထား လိုက်တာပါပဲ။ သူထသွားမှ ကျန်ခဲ့တဲ့ လူတွေက စောက်တင်းတုပ်တာ ပေါ့။ အတော်မိုက်ရိုင်းတဲ့ ကောင်ကွာ ဘာညာနဲ့။

ဒီလိုနဲ့ တစ်ရက်သား မီးပျက်တဲ့ ဆောင်းညတစ်ည၊ အဲ့ဒီသင် တန်း ဧည့်ခန်းမှာ သူနဲ့ ကျနော် အငြင်းအခုံ ထဖြစ်တယ်။ ကျနော်က နယ်က လာတဲ့ အဆောင်နေ သင်တန်းသား။ ဘာအကြောင်းရယ်လို့ မမှတ်မိတော့ပေမယ့် အတော် မိုက်မိုက်ရိုင်းရိုင်းတွေ အပြောခံလိုက်ရ တော့ ကျနော် စိတ်မထိန်းနိုင်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် နှုတ်ဆိတ်တယ်၊ စာဖတ်တယ်၊ စကားပြောတတ်တယ် ထင်ခဲ့ပေမယ့် သူ့ကို ကျနော် မယှဉ်နိုင်ခဲ့ဘူး။ ဒေါသကို ထိန်းမရတော့ ဝုန်းဒိုင်းတွေကြဲကုန်ကြရော။ စားပွဲခုံတွေ ကန်ချိုး၊ ကုလားထိုင်တွေ ရိုက်ချိုး၊ အဲ့လိုတွေရယ်။ အဲ့လို ဖြစ်ပြီး သူထ ထွက်သွားတယ်။ ငယ်ရွယ်စဉ်က အင်မတန် violent ဖြစ်တတ်တဲ့ ကျနော်ဟာ မအေဘေး ငါ့အကြောင်း သိစေရမယ်ဆိုပြီး နောက်ဖေးကို ပြေးဝင်၊ ခေါင်းဆောင်းပါတဲ့ ဂွမ်းခံ ဟူဒီကို ဝတ်၊

သစ်သားရေအိုးစင်ကို ရိုက်ချိုး၊ သစ်သားချောင်းကို နောက်ကျောမှာ ကပ်၊ ခေါင်းဆောင်းနဲ့ ဖုံးထားရင်း သူ့နောက်ကို လိုက်တော့တာပဲ။ ကျောက် မြောင်း ကျားကွက်သစ်ဖက် ရောက်တော့ အမှောင်ထုထဲမှာ သူပျောက် သွားတယ်။ ဟိုဟိုဒီဒီ ရှာလည်း မတွေ့တော့ဘူး။ ကျနော် အဆောင်ကို ပြန်ရောက်ပြီး တစ်ညလုံး မအိပ်ဘူး။ ငါ ဒင့်ကို အသေမရိုက်လိုက်ရဘူး ဆိုတဲ့ ဒေါသစိတ်နဲ့ နံရံတွေကို တဖုန်းဖုန်း ကန်လိုက်၊ အိမ်တိုင်တွေကို လက်သီးနဲ့ တဒုန်းဒုန်း ထိုးလိုက် ဖြစ်နေခဲ့တယ်။

နောက်နေ့ ရောက်တော့ သူပေါ်မလာဘူး။ သုံးလေးရက်နေ တော့ သူပြန်ပေါ်လာတယ်။ ဟရောင် လဖက်ရည်ဆိုင်သွားမလား တဲ့။ ကျနော် သူ့ကို စိတ်မဆိုးတော့ဘူး။ ဘဝတလျှောက်လုံးမှာ နောက်တစ်ခါ ထပ်ပြီး စိတ်မဆိုးမိတော့ဘူး ထင်တာပဲ။

တာမွေက အဲ့ဒီသင်တန်းဟာ တကယ်တမ်းတော့ ကျွန်စနစ် ကိုအသုံးပြုနေတာရယ်။

နယ်ကလာတဲ့ အဆောင်နေတဲ့ သင်တန်းသားတွေကို အလုပ် တွေ ခိုင်းတယ်။ ညမအိပ် နေ့မအိပ် ခိုင်းလို့ရလာတဲ့ လျှပ်စစ်ဆားကစ်ပြား တွေကို ရောင်းစားနေတာမျိုး။ အဲ့ဒါကို နှုတ်ခမ်းမွေးက လက်ချာရိုက်တယ်။ ဖောက်ပြန်ပြီး ခေါင်းပုံဖြတ်နေတဲ့ ဒီမအေဘေးကြီးနဲ့ အဖွဲ့ကို မင်းတို့တော်လှန်ရမယ်တဲ့။ တဖြေးဖြေးနဲ့ အဆောင်နေတဲ့ သင်တန်းသား တွေဟာ ထကြွပြီး တော်လှန်ဖို့ပြင်တယ်။ သင်တန်းပိုင်ရှင်က ကျနော့်ကို ခေါ်ပြောတယ်။ ဟေ့ကောင်၊ ဟို ဆံပင်ဘုတ်သိုက်ကောင်ဟာ ကွန်မြူနစ် ပဲ၊ ငါ့သင်တန်းသားတွေ ကွန်မြူနစ်ဘီလူး ဝင်စီးအောင် အပင်းသွင်းထား ပြီ။ ငါ တာမွေရဲစခန်းကို တိုင်တော့မယ် တဲ့။ ကျနော်လည်း ပြုံးပြုံးပြုံးပြုံးနဲ့ ဟုတ်ကဲ့ပါလို့ အယုံသွင်းတဲ့ပြီး နှုတ်ခမ်းမွေးကို ပြေးပြောတာပဲ။

"နှုတ်ခမ်းမွေးရေ ရဲစခန်းတဲ့... ပြေးပေတော့.. ." ပေါ့။ နှုတ်ခမ်းမွေးဟာ ထွက်မပြေးဘူး။ သင်တန်းမှူးချုပ်ကြီး ဆိုတဲ့ ဆိုင်းဘုတ်တပ်ထားတဲ့ အခန်းထဲဝင်ပြီး ခင်ဗျားလား ကျုပ်ကို ကွန်မြူနစ် ဆိုပြီး ရဲခေါ်မယ်ဆိုတာ... ဆိုတဲ့ပြီး ဝင်သောင်းကျန်းတာပါပဲ။

ဇာတ်သိမ်းတော့ ကျနော်နဲ့ နှုတ်ခမ်းမွေးဟာ ရေဒီယိုကက် ဆက်တီဗီပြင်တဲ့ ပညာ မတတ်ခဲ့ရတော့ပဲ လစ်ခဲ့ကြရတယ်ပေါ့။

နှုတ်ခမ်းမွေးတစ်ယောက်

အင်္ကျီအစုတ် ပုဆိုးအစုတ်လေးနဲ့

အဲ့ဒီနှင်းမှုန်တွေထဲ တိုးရင်း လျှောက်သွားတာကို

လေးထပ်တိုက် အပေါ်ဆုံးထပ်ကနေ ငေးရင်း

ကျနော် စိတ်ထိခိုက်ခဲ့ဖူးတယ်

၂။

သူက တောင်ဒဂုံ ဆိုတဲ့ အဲ့ဒီခေတ်က ကွင်းခေါင်ခေါင်ကြီးမှာ ခပ်တည်တည်နဲ့ ရေဒီယိုကက်ဆက် တီဗီပြင်သည် ဆိုပြီး ဆိုင်သွားဖွင့်တယ်။ ၂၀ ဈေး ကုန်တိုက်ဆိုလား ကျနော် အမှတ်မမှားရင်ပေါ့။ ထမင်း ငတ်တော့တာပါပဲ။ သူ့ဘဝမှာ ဂုဏ်ယူစရာဆိုလို့ ဆရာဒဂုန်တာရာရဲ့ မာလတီဘန်း ရေဒီယိုလေးကို ပြင်ပေးဖူးတာလောက်ပဲ ရှိရှာတယ်။ ကျနော့်ရေဒီယိုလေး ပြင်ပေးတဲ့ ကိုကျော်ကျော် ဆိုပြီး ဆရာကြီးက မေးတိုင်း ပီတိဖြာနေတာဆိုကိုး။ ကျနော်က ဆင်ရေတွင်း ကမာရွတ် အဲ့ဒီ ဖက်မှာ အဆောင်သွားနေပြီး တစ်ရက်၂၀၀ နဲ့ မီးရိုက်စားတဲ့ ဘဝ ရောက် သွားတယ်။ ရေဒီယိုကက်ဆက်ပြင်တာ ထမင်းမဝတော့ ဆိုင်ပိတ်ပြီး ကျနော်နဲ့ နှစ်ယောက်အတူ မီးရိုက်စားကြပြန်ရော။ အဆောင်မနေကြ တော့ဘူး။ အာစီတူးနားက တက္ကသိုလ်ဆရာများ ရိပ်သာဆိုတဲ့ ဝန်ထမ်း တန်းလျား ရောက်သွားတယ်။ ကျနော့် အကိုဝမ်းကွဲ အာအိုင်တီဆင်း တစ်ယောက်က အဲ့ဒီမှာ တစ်လ ငါးထောင်နဲ့ တိုက်ခန်းလေး ငှားနေတာ ကိုး။ သူ့ဆီပြောင်းသွားပြီး နှစ်ကောင်သား ခိုကပ်နေကြတယ်ပေါ့။

မီးရိုက်တာကို နေ့စားမရိုက်တော့ဘူး။ ကိုယ့်ဟာကိုယ်ရှာ၊ ကိုယ့်ဟာကိုယ် ကန်ထရိုက်၊ ကိုယ့်ဟာကိုယ်အလုပ်သမား၊ အဲ့လိုတွေ ပေါ့။ ထမင်းလေး ဘာလေး နည်းနည်းဝသလို အဖြစ်မှာ ကွိုင်တက်ပြန်ရော။ အကိုဝမ်းကွဲဖြစ်သူက ရလာတဲ့ အလုပ်တွေကို ဒရောရင်းတွေ ဘာတွေ ဆွဲပေးတယ်ပေါ့။ နှုတ်ခမ်း ခမ်းမွေးနဲ့ ကျနော်တို့က သူ့ ဒရောရင်း နဲ့ မီးရိုက်ရတယ်။ ကိုယ်တွေကမှ အင်ဂျင်နီယာပညာ မဝ တွေနဲ့ မတတ်တော့ ကာ ဘာတတ်နိုင်မှာလဲ။ ပိုက်ဆံရလာတော့ အဲ့ဒီ အကိုက တစ်ဝက်ဖြတ် ယူတယ်။ ကျန်တဲ့ တစ်ဝက်ကို နှုတ်ခမ်းမွေးနဲ့ ကျနော်ယူ။ ခဏခဏ အဲ့လို ဖြစ်လာတော့ မကျေမနပ်ဖြစ်လာကြပြီ။ သေလောက်အောင် လုပ်ရတော့ ကိုယ်တို့တတွေရယ်။ ပိုက်ဆံကျတော့ အကိုဖြစ်သူက တစ်ဝက်ဖြတ်အုပ် နေတာ။ ဒါနဲ့ နှစ်ယောက်သား တိုင်ပင်ပြီး အကိုဝမ်းကွဲကို ဒွဲပြောလိုက်တယ်။

“သုံးယောက် သုံးပုံ ပုံပြီး ယူဗျာ၊ မယူရင် ခင်ဗျာ့ဒရောရင်းတွေ မပါလည်း ကိုယ့်ဖာသာလုပ်နိုင်တယ်” ပေါ့။

ကျနော့် အကိုဝမ်းကွဲဟာ မူးမူးနဲ့ အနိုင့်အထက်တွေ ပြောတော့တာပါပဲ။

“မင်း ကြီးပွားတိုးတက်ချင်ရင် ညီတူမျှတူ ဆိုတဲ့ ကွန်မြူနစ် အတွေးအခေါ်တွေ ခေါင်းထဲက ထုတ်ထားလိုက်စမ်း” ဘာညာတွေပေါ့။ နှုတ်ခမ်းမွေးကို ဒွဲမဖိုက်ရဲတော့ ကျနော့်ကိုချည့်ပဲ ဦးတည်ပြီး မူးမူးနဲ့ စွတ်ဖွဲ့နေတော့တာပါပဲ။ အဲ့ဒီညမှာ နှုတ်ခမ်းမွေးဟာ သူပိုင်တဲ့ အင်္ကျီနဲ့ ပုဆိုးလေး

နှစ်စုံကို ကြွပ်ကြွပ်အိတ်ကလေးနဲ့ ထုပ်တဲ့ပြီး၊ "ဟရောင် ငါသွားမယ်ကွာ" ဆိုပြီး ကျနော့်ကို နှုတ်ဆက်ရင်း ညအမှောင်ထုထဲ ငိုက်စိုက်စိုက်နဲ့ ထွက်သွားရှာတယ်။

အဲ့ဒီနှစ်က ရန်ကုန်ကို အအေးလှိုင်းဖြတ်တဲ့ နှစ်ပဲ။ အာစီတူး တဝိုက်ကို နှင်းတွေ ပိန်းပိတ်နေအောင် ဖုံးထားတယ်။ နှုတ်ခမ်းမွေးတစ် ယောက် အင်္ကျီအစုတ်၊ ပုဆိုးအစုတ်လေးနဲ့ အဲ့ဒီနှင်းမှုန်တွေထဲ တိုးရင်း လျှောက်သွားတာကို လေးထပ်တိုက် အပေါ်ဆုံးထပ်ကနေ ငေးရင်း ကျနော် စိတ်ထိခိုက်ခဲ့ဖူးတယ်။ ဘယ်နေရာကို သွားလို့ ဘယ်လို အိပ်ရှာ မလဲပေါ့။

မနှစ်က တစ်ညသား၊ ကျနော်နဲ့သူ ကားလျှောက်မောင်းရင်း အဲ့ဒီနားရောက်တော့ ဟော့ ကျော်ကြီးရေ ဟိုကိစ္စမှတ်မိသေးလား ဆိုပြီး နှစ်ယောက်သား ရယ်စရာမဟုတ်ပဲ အော်ရယ်မိကြသေးတယ်။ အမှန် တကယ်တော့ နာစရာကို ရယ်ဖွဲ့နိုင်တာ ကျေနပ်စရာပါပဲလေ။ သူ့ကို မောင်းချတဲ့ ကျနော့်အကိုဝမ်းကွဲနဲ့ စင်ကာပူမှာ သူနဲ့ ပက်ပင်းတိုးသေးတယ်။ မူးရူးပြီး ဘဝပျက်နေတာ ဟိုကောင်က။ ခင်ဗျားဒီမှာ ဘာလုပ်နေ တာလဲ ဆိုပြီး မေးတယ်ဆိုလား။ ကျနော် အင်ဂျင်နီယာ ကျောင်းတက်ပြီး လို့ အလုပ်လုပ်နေတာလို့ ပြန်ဖြေတော့ မျက်နှာပျက်သွားသတဲ့။ အားရတယ်ဗျာ လို့ ကျနော်က ပြောတော့ မင့်ကလည်း ထားလိုက်ပါတော့ကွာ တဲ့။ ဒီလူက လူတစ်မျိုးပဲ။ အလွယ်တကူ မေ့ပစ်နိုင်တယ်။ ကျနော်ကပဲ အငြိုးကြီးလွန်းတာများလားမသိ။

အဲ့ဒီကိစ္စပြီးတော့ ကျနော်လည်း မနေပါဘူး။ အကိုဝမ်းကွဲနဲ့ ကတောက်ကဆ ဖြစ်ပြီး သံသေတ္တာလေး ထမ်းတဲ့ပြီး လစ်တာပါပဲ။

ရန်ကုန်တက္ကသိုလ်ထဲက အဓိပတိလမ်း ခြံအမှတ် ၂၀ မှာ အဆောင်နေပြန်တယ်။ နှုတ်ခမ်းမွေး ဘယ်ရောက်သွားမှန်း မသေချာ ဘူး။ ခုခေတ်လို လက်ကိုင်ဖုန်းတွေ ရှိသေးတာမှ မဟုတ်ပဲ။ ဘယ်သူ ဘယ်နားနေလို့ ဘယ်လိုရှာရမှန်း မသိတဲ့ ခေတ်ကိုး။ တစ်နေရာရာမှာ အသေချာ ချိန်းမထားရင် လူနှစ်ယောက်ဟာ ရန်ကုန်မြို့ကြီးထဲ ဆုံဖို့မှ မလွယ်တာလေ။

တစ်ရက်သား ဘယ်က ဘယ်လို စုံစမ်းခဲ့တယ် . မသိဘူး၊ နှုတ်ခမ်းမွေး ကျနော့်ဆီ ပေါက်ချလာတယ်။ ရန်ကုန်တက္ကသိုလ်ထဲ ရောက်လာတာ။ နှစ်ယောက်သား ဖြစ်ခဲ့တဲ့ ပြဿနာကို မသိချင်ယောင် ဆောင်ပြီး တက္ကသိုလ်စာတိုက်ဝန်းထဲမှာ လက်ဖက်ရည်ဆိုင်ထိုင် အာလူး ဖုတ်ကြတာ နာရီပေါင်းများစွာပဲ။ ပြီးတော့မှ သူထပြန်သွားတယ်။ သေချာ တာက သူအလုပ်လက်မဲ့ဖြစ်နေတုန်းပဲ။ ကျနော်လည်း ဝင်ငွေမရှိဘူး။ ဘူဂျာလည်ရိုက်နေတဲ့ ခေတ်စနစ်ဆိုးကြီးထဲက လူငယ်တွေပေါ့။

လှည်းတန်းဖက် လက်ဖက်ရည် ထွက်သောက်၊ စာအုပ် အဟောင်းလေး ဘာလေး ရှာရင်း မောင်အောင်ပွင့်ရဲ့ ကောင်းကင်တော် တမ်းချင်း ကဗျာစာအုပ်လေး ရလာတဲ့နေ့က ကျနော့်အဆောင်ပြန်အလာ အဆောင်က ဘော်ဒါတွေက စာတစ်စောင်ပြတယ်။ မင့်ဘော်ဒါ ဆံပင် စုတ်ဖွား၊ ကချင်ပုဆိုး အတွန့်ဝတ်၊ ဘယ်ရီဦးထုပ်အစိမ်း ဆောင်းတဲ့ လူ လာသွားတယ်။ ဒီစာလေး ရေးပြီးထားသွားတယ်။ ဘာပြောချင်မှန်း ငါတို့ နားမလည်လို့ တဲ့။ စာရွက်ကို ယူကြည့်လိုက်တော့...

ကိုနန္ဒာ

ကျုပ်လိုတာ ဓားဗျ... ဓား

သံချောင်း

ဒါပဲ။ ကျနော်လည်း အဟီး ဆိုပြီး ပြုံးဖြီးဖြီးဖြစ်သွားတယ်။

အဆောင်က ကောင်တွေက စွတ်မေးတယ်။ ဘာလဲ အဲ့ဒါ ဘာလဲ တဲ့။ မသိပေါင်ဗျာ လို့ ပြန်ဖြေရင်း ကိုယ့်အိပ်ရာမှာ ကိုယ်ဝင်ခွေနေ လိုက်တယ်။

အဲ့ဒီတုန်းက ကျနော်က လူတွေကို အသားလွတ် အထင်သေး တတ်တဲ့ ချာတိတ်လေးကိုး။ သရော်တော်တော်လေး ပြုံးရင်း လူတွေကို စိတ်ထဲမှာ ကြိတ်ပြီး လှောင်ရယ်တတ်တဲ့ ကောင်။ ဗဟုသုတ ဘာညာ မရှိတဲ့ လူတွေကို အရေးတယူ စကားတွေ သိပ်မပြောဘူး။ အဆောင်က လူ တွေ ဆိုတာကလည်း ကျနော့်အိပ်ရာခေါင်းရင်းမှာ တော်လှန်ရေးသမား ချေဂွေဗားရားရဲ့ ပန်းချီကားကြီး ကပ်ထားတာတွေ့ရဲ့နဲ့ အဲ့ဒါ ဘယ်ကလူ လဲ ဘာညာ လာလာမေးတယ်။ ကျနော်ကလည်း ပြုံးပြီး ဘရာဇီးက ဂေါက်သီးချန်ပီယံ လို့ ပြန်ဖြေလို ဖြေ၊ အဲ့လို ပေါက်ကရတွေရယ်။ ဒီဖက် ခေတ် အင်္ဂလိပ်လို စတေးတပ်စ်တွေ ကောမန့်တွေ ရေးပြီး အကြောတင်း နေတဲ့ ချာတိတ်တွေလိုပေါ့၊ ကျနော် သူတို့ကို အပြစ်မြင်ကြည့်လို့မရဘူး။ လူဆိုတာ ငယ်ဖူးကြတာချည့်ပဲ။ အသက်အရွယ်ဟာ လူ့ဘဝကို ထိန်း ကျောင်းသွားလိမ့်မယ်ဆိုတာ သိနေလို့ အဲ့ဒီ ချာတိတ်တွေကို သဘောကျတယ်။

နှုတ်ခမ်းမွှေးရေးထားခဲ့တဲ့ စာက ဒီလိုဗျ။

မြသန်းတင့်ရဲ့ "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ် မည်" ဗျာ။ အဲ့ဒီ ဝတ္ထုထဲက ခေတ်ပညာတတ် လူငယ်ကျေးလေး ကိုနန္ဒာ ပေါ့ကျနော်က။ သူက အလုပ်သမားလူတန်းစားကိုကိုယ်စားပြုတဲ့ ပစ္စည်း မဲ့ ကူလီ သံချောင်းပေါ့။ သူတို့တွေ သဘော်ာပျက်ပြီး ကျွန်းပေါ်မှာ အသက် ရှင်သန်ဖို့ ကြိုးစားကြတဲ့အခါ

သံချောင်းက ကိုနန္ဒာကို တဖွဖွပြောတယ်။ ခဲတစ်ချောင်း လိုတယ် တဲ့။ ကျုပ်လိုတာ ခဲတစ်ချောင်းပဲ။ ခဲရှိရင် ကျုပ်တို့ အသက်ဆက်ရှင်သန်နိုင်ပြီပေါ့။

ခု သူ ဆိုလိုချင်တာက သူ ပိုက်ဆံချေးချင်တယ်လို့ ပြောသွားတာ။

မင်းဘယ်လို နားလည်တာလဲလို့တော့ မမေးပါနဲ့။ ကျနော် အလိုလို သိနေတာမျိုးပဲ။ ခင်ဗျားတို့ နားလည်မယ် မထင်ဘူး။ ကျနော်တို့ နှစ်ယောက်ကြားက လန်းငွေ့ချ်တွေဟာ အဲ့လိုတွေချည့်ပဲ။

ဒါနဲ့ ကိုယ့်မှာရှိတဲ့ ပိုက်ဆံလေးထုတ်ပြီး ချန်ထားပေးခဲ့တယ်။ ကျနော် အပြင်ထွက်နေတဲ့ အခါ ထပ်ရောက်လာရင် လွဲနေမှာစိုးလို့။ ခု ခေတ်လို မက်ဆင်ဂျာနဲ့ ချိန်းလို့မှ မရတာကိုး။

ပိုက်ဆံနဲ့အတူ စာတစ်စောင် ချန်ထားပေးခဲ့တယ်။

“နောက်လ ၁၅ ရက်နေ့မှ ပြန်မရရင် မုန်တိုင်းရဲ့ကဗျာပဲ...”

အဲ့ဒီလို စာတိုလေး။

အဓိပ္ပာယ်က၊ လွန်းထားထားဝတ္ထုတစ်ပုဒ်ရဲ့ ဇာတ်သိမ်းခန်း၊ “ကဗျာ” ဆိုတဲ့ ဇာတ်လိုက်မကို “မုန်တိုင်း”ဆိုတဲ့ ဇာတ်လိုက်က နောက် ဆုံးအနေနဲ့ နမ်းဦးမယ်ဆိုပြီး ပါးကို ကိုက်ထည့်ပလိုက်တာ။ ဟင် အဲ့လို ဝတ္ထုတွေ မင့်တို့ ဖတ်သလားလို့မေးရင် ဒီတစ်အုပ်ပါပဲ။ ဘယ်လိုဖတ်ဖူး ဟာသလုပ်ဖူးတယ်ဆိုတာ တစ်နေရာမှာ ပြောခဲ့ပြီးတာမို့ ကျနော့်စာတွေ ဖတ်တဲ့လူတွေ သိပါလိမ့်မယ်။

အဲ့ဒီလိုနဲ့ နောက်လ ၁၅ ရက်နေ့မှာ ညကြီးမင်းကြီး နှုတ်ခမ်းမွေး ချွေးသံတရွှဲရွှဲနဲ့ ကျနော့် အဆောင်ကို ရောက်လာတယ်။ ကတိတည်တယ်ပေါ့။ မျက်နှာချင်းဆိုင်ပြီး ဘာပြောတယ်မှတ်လဲ။

“ငါမင့်ပိုက်ဆံ ပြန်မဆပ်နိုင်သေးကြောင်းလာပြောတာကွ...”တဲ့။

လူကဖြင့် ဖွတ်တက်နေပါတယ်ဆို ပိုက်ဆံက အမြဲလိုနေတတ် တော့ကာ ကျနော် မေးကြည့်တယ်။ ကိုယ့်ဝမ်းတောင် ကိုယ် မသဒ္ဒါတဲ့ လူ က (ခေါက်ဆွဲ ဆိုတဲ့ အဖတ်တွေကို ငရုတ်ဆီနဲ့ နယ်ပြီး ရောင်းတဲ့ဟာ လောက် မက်ရည် စက်ရည် စားတာ) ပိုက်ဆံတွေ ဘာလို့ကုန်ကုန်သွား တာလဲဗျာ...ဆိုတော့

"ငါ့ဘော်ဒါ ဆင်းရဲသားတစ်ကောင်ကို အေဂျီတီအိုင်ကျောင်း ထားပေးထားလို့ကွာ၊ လစဉ်စရိတ်ပေးရတယ်" တဲ့။

ဟာ... ဖွတ်ပါဆိုနောက်တစ်ဖွတ်ကိုသွားထောက်ပံ့နေတယ်။ ဖွတ်ဖွတ်ချင်း အမြီးလိမ်တယ်ဆိုတာ ဒါမျိုးပါ့ လို့ ကျနော်ပြောတော့ ခပ် တည်တည်ရယ်။ နောက်တော့လည်း အဲ့ဒီ သူ့ဆင်းရဲသား ကောင်က ကျောင်းတွေဘာတွေ ပြီးသွားပုံရတယ်။ အလုပ်လေး ဘာလေး ရတယ် ထင်တယ်။ သူ့လည်း စောက်ဖက်ပြန်မလုပ်ပါဘူး။ ကိုယ့်ဖာသာ တစ် ကောင်ကြွက် တစ်မျက်နှာ လမ်းပေါ်မှာ နေနေရပါတယ်ဆို သူများ့ဝဋ်ဆင်းရဲကို ကိုယ့်ဝဋ်ဆင်းရဲအဖြစ် ဝင်ခေါင်းခံတဲ့ နေရာမှာတော့ နိုးတူး ဒါမှမဟုတ် စက္ကန်းတူ နန်း ဆိုတာ ဒါမျိုးပဲထင်ပါရဲ့။

ကျနော်တို့ နှစ်ယောက် ကံကောင်းထောက်မလို့ တစ်ခါတလေ အလုပ်ကလေး ကြိုကြားကြိုကြားရပြီး ပိုက်ဆံလေး မျိုးမျိုးမြက်မြက် ရလာတဲ့အခါ အိမ်အပြန်ညတွေဟာ ပျော်စရာကောင်းလွန်းပြန်တယ်။

ညမိုးချုပ်ခါစမှာ လူတစ်ထွေးကြီး ပါတဲ့ ၄၈ နံပါတ် ဟိုင်းလတ် ကားကို လက်တစ်ဖက်တည်း ဆွဲခိုထားရင်း နောက်မြီးက တွယ်စီး...

"ဟေဟေ့...ပုံပွဲလေး... ပုံပွဲလေးတွယ်ရတော့မယ် ငါ့ကောင် ရေ . . ."လို့ ကျနော့်ကို ပြောရင်း သူ့မျက်လုံးတွေက အရောင်လက်နေ တတ်တယ်။

ပုံပွဲဆိုတာ ဘာမှမဟုတ်ဘူး။ ထမင်းဆိုင် ခပ်စုတ်စုတ်တစ်ခု က ထမင်းပန်းကန်ထဲ ဝက်သား ၃ ထပ်သား၂ တုံးနဲ့ ချဉ်ပေါင်ကြော် ပုံပေး လိုက်တဲ့တစ်ပွဲဖိုဝတန်ညစာပါပဲ။ကြည့်ရတာအဲ့ဒီပုံပွဲဆိုတာကိုဒင်းဟာ အင်မတန် စွဲလမ်းပုံပဲ။ ခုထိ အဲ့ဒီ ပုံပွဲဆိုတာ ပြောလိုက်ရင် စောက်ကြော တင်းတဲ့ ဖျက်ခွက်က ပြုံးချိုသွားတတ်တာမျိုး။

အဲ့ဒီ ၄၈ ဟိုင်းလတ်ကားနဲ့လည်း ဇာတ်လမ်းဖြစ်ဖူးသေးတယ်။ တစ်ခါသား သမိုင်းလမ်းဆုံကနေ ဆူးလေကို နှစ်ယောက်တက်စီးတယ်။ တစ်ယောက်၂၀ ဆိုလို့

၅၀ တန် တစ်ရွက် ထုတ်ပေးတာကို စပယ်ယာက ပြန်မအမ်းဘူး။ အကြွေမရှိလို့တဲ့။ တစ်ဆယ်တန် မရှိဘူးပေါ့။ ဟုတ်ပြီပေါ့။ လမ်းမှာ အတက်အဆင်း လူတွေဆီက တစ်ဆယ်တန်တွေ ရရလာတယ်။ နှုတ်ခမ်းမွှေးက စပယ်ယာကို ကားထဲကနေ လှမ်းလှမ်းပြီးတောင်းတယ်။

“ဟရောင် တစ်ဆယ်အမ်းရမယ်နော်…” ပေါ့။

ကိုစပယ်ယာက အတိတ်မေ့သလို ရွှေပျောက်သလိုတွေ လုပ် နေတာ။

ဒါနဲ့ ဆူးလေ မြို့တော်ခန်းမရှေ့ကားဆိုက်တယ်။ လူတွေ ဆင်းတယ်။ နှုတ်ခမ်းမွှေးက ရိုးရိုး မဆင်းဘူး။ ဟိုင်းလတ်ကား အလယ်ခုံ လုပ် ထားတဲ့ ခွေးခြေပုလေးတွေ ရှိပါကောလား။ အဲ့ဒီထဲက တစ်ခုကို ကောက်ဆွဲပြီး ဆင်းတယ်။

“ကိုင်း . . . တစ်ဆယ်အမ်းမလား ခေါင်းအခွဲခံမလား၊ ကြိုက်တဲ့ လမ်းကို ရွေးလိုက်တော့ ကိုယ့်လူ…” တဲ့။

ရှေ့ခန်းက ဒရိုင်ဗာကိုယ်တိုင် ဆင်းပြေးလာပြီး မလုပ်ပါနဲ့ ဆရာ ရယ် . ဟကောင် စပယ်ယာ တစ်ဆယ်မြန်မြန်အမ်းပေးလိုက်စမ်းပါ လုပ်လုပ်…တဲ့။

ကျနော်က အံ့ဩတကြီးပဲ သူ့ကိုပြောတယ်။ ခင်ဗျား ပိုက်ဆံ တစ်ဆယ်နဲ့ ထောင်ထဲဝင်မလို့လား စောက်ဦးနှောက်မရှိဘူးလား ပေါ့။

“အဓိကက ပိုက်ဆံတစ်ဆယ် မဟုတ်ဘူးကွ၊ မတရားမှုကို ခေါင်းငုံ့မခံတာကွ၊ မင့်ပါးစပ် ပိတ်ထား၊ တစ်တိုင်းပြည်လုံးက မတရားမှု တွေကို စောက်အသားကျနေပြီ၊ အေး အဲ့ဒီအထဲမှာ ငါမပါဘူး” တဲ့။

တစ်ဆယ်တန် အိုင်ဒီယိုလော်ဂျီ ကြီးပါဗျာ လို့ ကျနော်ပြော တော့ ဝူးဝူးဝါးဝါးတွေ ဆက်ပြောတယ်။ ကျနော်လည်း ထုံးစံအတိုင်း မကြားချင်ယောင်ဆောင်ရွှေပြည်စိုးဆေးပေါ့လိပ်လေးကိုမီးညှိပြီးဖွာရင်း ကောင်းကင်ပေါ်မော့ကြည့်နေလိုက်တာပါပဲ။

အဲ့ဒီလို မပြေမလည်ဘဝကြီးနဲ့ ဒရွတ်ဆွဲပြီး ဖြတ်သန်းနေကြ ရင်း နောက်ထပ် ရယ်စရာတစ်ခုဖြစ်သေးတယ်။

တစ်ရက်သား လက်ဖက်ရည်ဆိုင် ထိုင်နေကြတုန်း ကျနော့် ကို သူ စာတစ်စောင်လာပြတယ်။ စာက သူရေးထားတာ။ ဘယ်သူ့ကို လိပ်မူထားလဲ ဆိုတော့“ဆရာကြီးလူထုစိန်ဝင်း ခင်ဗျား” တဲ့။

ဟင်… ဘာအဓိပ္ပာယ်လဲ ပေါ့။

ဆက်ဖတ်တော့ ကတ်ကတ်လှန်အောင် ဆဲထားတာကြီးဗျာ။ လိုရင်းက ပြီးခဲ့တဲ့ လက မဂ္ဂဇင်းတစ်ခုမှာ လူထုစိန်ဝင်းက ဗမာလူငယ်တွေ စောက်သုံးမကျဘူး ဆိုတဲ့ သဘောမျိုး ဆောင်းပါး ရေးထားတယ်။ နှုတ်ခမ်းမွှေးက အဲ့ဒီ ဆောင်းပါးကို ဖတ်မိပြီး ဒေါပွတယ်။ ဒါနဲ့ စာပို့ပြီး ချဲတယ်ပေါ့။ စာက ဒေါသမီး ဟုန်းဟုန်းတောက်ပြီး ရေးထားတာ။

ဆရာကြီးလို့သာ ခေါ်ခေါ်ပြီး ရေးထားပေမယ့် ပက်ပက်စက် စက် ပယ်ပယ်နယ်နယ်တွေ တွယ်တယ်။ လိုရင်းက ကျုပ်တို့ကို ပြောတာ လား ခင်ဗျားကြီးကပေါ့။ လူငယ်တွေ စောက်သုံးမကျဘူးဆိုတာ ဘာပြော တာလဲပေါ့။ ဒီမှာ တတ်သမျှ မှတ်သမျှလေးနဲ့ ဖင်ဖြဲပြီး ဘဝကို ရုန်းကန်နေ တာတောင် ထမင်းငတ်နေတာ ခင်ဗျားသိလို့လား။ ဒီတိုင်းပြည်မှာ ကျုပ်တို့ လူငယ်တွေအတွက် အနာဂတ်မရှိဘူး။ အဲ့ဒါကို မြင်အောင် မကြည့်ပဲ စောက်သုံးမကျဘူး စောက်ပျင်းတစ်တယ်တွေ စွပ်စွဲနေရအောင် ခင်ဗျား က ဘာလဲပေါ့။ စကားလုံးတွေကို ခု ကျနော်ပြောသလောက် ကြမ်းကြမ်း တမ်းတမ်း မသုံးပေမယ့်လို့ လိုရင်းက ပြန်ဆဲတာပါပဲ။

ခုခေတ်ဖေ့စဘွတ်ခ်မှာ ဆရာကြီး သမ္ဘာကြီးတွေကို ဖောင်းထု စတေးတပ်စ်ရေးပြီး ဆဲတဲ့ကောင်တွေကို ပြောချင်တာက နှုတ်ခမ်းမွှေးက မင့်တို့ထက် စောတယ် ဆိုတာပါပဲ။

ကျနော်ကတော့ သူ့စာကြီးဖတ်ပြီး တဟားဟား ဖြစ်နေတာပါ ပဲ။ ကိုယ်ကြည်ညိုလေးစားတဲ့ ဆရာကြီးကို ဆဲတာဖြစ်ပေမယ့်လို့ မူအား ဖြင့် သဘောတူတယ်လို့ ပြောရမယ်။ အဲ့ဒီခေတ်က ဘာ စောက်အလုပ်မှ ရှာမရတဲ့ ခေတ်ပျက်ကြီး။ ကျနော်တို့က တစ်ချက်ကလေးမှ စောက်ပျင်း မထူပဲရုန်းကန်နေကြပေမယ့်လို့ ဘဝတွေက ကျရှုံးနေရတာ မဟုတ်လား။ သူပြောတာ မလွန်ဘူးလို့ ထင်တာပါပဲ။ ဆရာလူထုစိန်ဝင်းရဲ့ စေတနာကို တော့ တစ်ရွေးသားလောက်တောင် အပြစ်မမြင်မိပါဘူး။ ဒါပေမယ့် အရှိတရားက ခါးသက်နေတာကိုးဗျ။

အဲ့ဒီစာ လူထုစိန်ဝင်းဆီ သူပို့ဖြစ်သလားတော့ ကျနော် မသေ ချာပါဘူး။

ဒါပေမယ့် နောက်များ မကြာမီ ကာလတစ်ခုမှာ အောက်ဆီဂျင် ပိုက် တန်းလန်းနဲ့ ခုတင်ပေါ်မှာ စာထိုင်ရေးနေတဲ့ ဆရာကြီးလူထုစိန်ဝင်း ဆီ ကျနော် ရောက်သွားတော့၊ ခင်ဗျာ့ သူငယ်ချင်း ကိုကျော်ကျော်ကို ကျနော်သိတယ်ဗျာ။ တွေ့ရတာ ဝမ်းသာပါတယ်။ ဒေါက်တာ တင်စံဦး ကျနော့်ကို ဆေးလာကုပေးတိုင်း ကိုကျော်ကျော်က ကျနော့်ဆီ ဝင်ထွက် နေတာဗျာ . . . လို့ ပြောတော့ “ဟာ” ဆိုပြီး မျက်စိတွေ လည်နေပြန်ရော။ သူ့ဟာ ဘယ်လိုဟာတွေလဲ မသိပါဘူး။

ခပ်ရေးရေးလေး ပေါ်လာတာက ကျောက်မြောင်းမှာ ဆရာ လေးလို့ စာရေးဆရာအသိုင်းအဝိုင်းက သိကြတဲ့ စေတနာဆရာဝန် ဒေါက်တာ တင်စံဦးဆီမှာ သူ သွားခိုကပ်နေတယ် ဆိုတာပါပဲ။ ဒေါက်တာ တင်စံဦးက သူ့ဦးလေးနဲ့ ကျောင်းနေဖက် ဆိုကိုး။ ကျော်ကျော် ငါ့ဆီ လာနေဆိုပြီး ခေါ်ထားတာဆိုလား။ သူတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးက လည်း ခပ်ဆန်းဆန်းပဲ။ ထားလိုက်ပါတော့။

နောက်တော့ ကျနော် အဆောင်မနေတော့ဘူး။ အခန်းလေး တစ်ခန်း ငှားပြီး တစ်ယောက်တည်း နေတယ်။ နှုတ်ခမ်းမွှေးနဲ့လည်း အဆက်အသွယ် သိပ်မရှိပြန်ဘူး။ တစ်ခါသား အိမ်အပြန်မှာ အခန်းတံခါး ကြားထဲ စာတစ်စောင် ထိုးထည့်ထားတာ တွေ့ရတယ်။ ဘာမှ မပါဘူး။

အင်္ဂလိပ်အဘိဓာန်ထဲက အသံထွက်ပုံ ထွက်နည်းကို ကူးရေး ထားတယ်။ ဆေးပေါ့လိပ်ကို အင်္ဂလိပ်လို အသံထွက်ပြထားတယ်။ လက်ရေးကတော့ သူ့လက်ရေးပဲ။ ဘာပါလိမ့်ဆိုပြီး မနည်းပြန်စဉ်းစား ကြည့်တော့...

တစ်ခါက ဆေးပေါ့လိပ်ကို အင်္ဂလိပ်လို ဘယ်လို အသံထွက် လဲဆိုပြီး သူနဲ့ ကျနော် အငြင်းပွားခဲ့မိတာ သတိရတယ်။ အဲ့ဒါကို ဒင်းက သက်သေသွားရှာလာပြီး လာပြသွားတာကိုး။ ကျနော်ဖြင့် အဲ့ဒါကြီးကို မေ့နေတာကြာပေါ့။ ဒုက္ခဗျာ ဆိုပြီး ထိုင်ရယ်နေလိုက်တယ်။ နေရာတကာ သူမှန်ကြောင်း သိပ်ပြချင်တာကိုး။

အဲ့ဒီအခန်းလေးမှာ အလုပ်လက်မဲ့ဘဝနဲ့ ကျနော်တစ်ယောက် ပေပေတေတေ အထီးကျန်ဆန်ဆန် နေနေရင်း နယ်က ပါလာတဲ့ ငှက်ဖျား ထဖြစ်တယ်။ မက်ဖာကွင်း တက်ပလက်တွေ ဝယ်သောက်ပြီး ပေခံနေလိုက်တယ်။ ရက်နည်းနည်းကြာတော့ မရတော့ဘူး။ ရေအိုးစင် ကိုတောင် လေးဖက်ထောက်ပြီး သွားနေရပြီ။ နောက်တော့ ကျနော် ဘာမှမသိတော့ဘူး။ ဗလာကြီးဖြစ်နေတာရယ်။

သတိလည်လာတဲ့ အချိန်မှာ ကျနော် နှုတ်ခမ်းမွှေးကို ပက်ပက် စက်စက်တွေ ဆဲနေတယ်။

ငါရိုးမသား ငါ့ကို ဘာလုပ်နေတာလဲပေါ့။ မအေရိုး မထိနဲ့ . အဲ့လိုတွေ။

“ဆဲသာ ဆဲပါတော့ကွာ ... ဆဲဆဲ ...” လို့ ကျနော့်ကို ပြောရင်း တစ်ကိုယ်လုံးကို ရေအေးအေးတွေကို အဝတ်နဲ့ဆွတ်ပြီး သျှောက်သုတ် နေတယ်။

ကျနော်အခန်းထဲမှာ အဖျားကြီးပြီး သတိလစ်နေတာကို သူက တံခါးကန်ဖွင့်ပြီး ဝင်လာတာဆိုလား နောက်မှပြန်သိရတာပဲ။ ရေပတ် တိုက်လည်း အပူက မကျဘူး။ ဒါနဲ့ သူကျနော့်ကို အနီးအနားက ဆေးခန်း တစ်ခုကို ခေါ်သွားတယ်။ ဆေးခန်းက ဆရာဝန်က လက်မခံဘူး။ မရ တော့ဘူး တဲ့။

ဆေးရုံသာ ခေါ်သွားတော့ တဲ့။ အဲ့ဒီအထိ ကျနော် အကုန်ကြားနေရတယ်။ တက္ကစီတစ်စီးပေါ် ကျနော့်ကို တွန်းတင်တာကိုလည်း သိတယ်။ ငါသေတော့မှာပါလား ဆိုပြီး တွေးမိသေးတယ်။

ဆေးရုံကြီး အရေးပေါ်ကို ညဖက်ကြီးရောက်သွားတယ်။ သူ ကျနော့်ကို ပွေ့ပြီး ခေါ်သွားတယ်။ သံဘာဂျာတံခါး ပိတ်ထားတယ်။ အပေါက်စောင့်ကုလားက မဖွင့်ပေးဘူး။ အထဲကနေ မေးခွန်းတွေ ထုတ် နေတယ်။

လူနာက ဘာဖြစ်တာတုံး... ဘယ်တုန်းကဖျားတာလဲ...အဲ့လို မျိုး မေးခွန်းတွေ။ ဆရာဝန်တစ်ယောက် မေးသလို စစ်ဆေးမေးမြန်းခန်း ထုတ်ပြီး တံခါးကို ပိတ်ထားတယ်။

ချလွမ်း ချလွမ်း ဆိုပြီး ကျနော့်ကို ပွေ့ထားလျက်နဲ့ နှုတ်ခမ်းမွေး သံဘာဂျာတံခါးကို ဆောင့်ဆောင့်ပြီးကန်တယ်။

“ငါရိုး ကုလား မင်း တံခါး မဖွင့်ရင် သေမယ်သာမှတ်၊ ဖွင့်စမ်း ခုဖွင့်ဆို ဖွင့်၊ ငါ့ကို ဘာမှတ်နေလဲ...” ဆိုပြီး ဒေါသတကြီးအော်ဟစ်သံကို ကြားလိုက်ရတယ်။

ကျနော်တအား ဝေဝါးနေပြီ။ မျက်လုံးထဲမှာ ဘာမှ မမြင်ရတော့ ဘူး။ နောက်ဆုံး သံဘာဂျာတံခါးပွင့်ပြီး လက်တွန်းလှည်းပေါ် ကျနော့်ကို တင်လိုက်တာပဲ သိလိုက်တယ်။

အမှောင်ကျသွားရော။

"ငါယိုးမ . . . လူကသာ သေမလိုဖြစ်နေတာ

လူပါးလာဝနေတယ်

ဘာ တရုတ်တန်းက ဘဲသားဆန်ပြုတ်လဲ . . .

ငါ့မယ် ဒင့်ကို ပြုစုရလွန်းလို့ ပင်ပန်းလွန်းလို့ပါဆိုနေ

ဟိုဟာပူဆာ ဒီဟာပူဆာ ပလီပလာနဲ့

ယီးမှ မဝယ်ပေးဘူး၊ မင့်ဖာသာ သေချင်သေ...တဲ့”

၄။

ကျနော် သတိလည်လာတော့ ဘယ်လောက် ကြာသွားပြီလဲ မရေရာတော့ဘူး။ ညသန်းခေါင်ကြီးပဲ။

နှုတ်ခမ်းမွှေးတစ်ယောက် လူနာခုတင်ဘေးက ထိုင်ခုံအရှည် လေးပေါ်မှာ ဆန့်ဆန့်လေး အိပ်ပျော်နေတယ်။ ဆီးသွားချင်လာတယ်။ ကျော်ကြီး ကျော်ကြီး လို့ ခပ်တိုးတိုး ခေါ်ကြည့်တာ မနိုးဘူး။ အမှန်က ကျနော် ကယောင်ကတမ်းတွေနဲ့ သတိရတစ်ချက် မရတစ်ချက်ဖြစ်ပြီး တိုင်ပတ်နေတာ ရက်ကြာနေပြီတဲ့။ အဲ့ဒါကို ဘေးကနေ ငုတ်တုတ်ထိုင် စောင့်ရင်း ကြာလာတော့ မခံနိုင်ပဲ မှောက်နေတာ။

ဒါနဲ့ သူ့ကို မနိုးတော့ပဲ အိပ်ရာက အတင်းထဖို့ ကြိုးစားတယ်။ လူက ယိုင်တိုင်တိုင်ကြီး မူးဝေနေတာပဲ။ ခြေတစ်လှမ်း လှမ်းဖို့အရေး တုန်ချိချိဖြစ်နေတယ်။ နောက်ဆုံး နံရံကို ကိုင်ပြီး အိမ်သာရှိမယ် ထင် လောက်တဲ့ နေရာကို လျှောက်သွားလိုက်တယ်။ အဲ့ဒီခေတ်က ဆေးရုံ ကြီးဟာ ညစ်ပတ်စုတ်ပြတ်တဲ့ အပြင် အတော်ကြီးအခြေနေဆိုးဝါးလွန်းတယ်။ အိမ်သာသွားတဲ့လမ်း ကော်ရစ်တာဖက်မှာ လူနာထမ်းစင်တစ်ခု ချထားတယ်။ အဲ့ဒီအပေါ်မှာ လောလောလတ်လတ် သေသွားတာလား၊ ဒါမှမဟုတ် ဘာဖြစ်တာမှန်း မသိတဲ့ အလောင်းတစ်လောင်းကို ဒီတိုင်း ကြီး ချထားတယ်။ ခက်တာက ကျနော်မှီပြီး ကိုင်ထားရတဲ့ အုတ်နံရံဖက် ကြီး ကပ်ထားတာရယ်။ မတတ်နိုင်ပါဘူး။ စိတ်ထဲ မကောင်းပေမယ့် ကျော်ခွလိုက်ရတာပါပဲ။

သေးပေါက်ပြီး ခုတင်ကို ပြန်ရောက်လာတော့ ကျနော် အိပ်ရာ ပေါ်လှဲချလိုက်တာနဲ့ အရုပ်ကြိုးပြတ် ပြန်ဖြစ်သွားတာပဲ။

နောက်နေ့တွေမှာ နည်းနည်းလေး အသိစိတ်ဝင်နေပြီ။

ဒါပေမယ့် အဖျားက တက်တက်နေတုန်းပဲ။ ဆရာဝန်တွေက လည်း လာကြည့်ပြီးရင် ဘာမှ ရေရေရာရာ မှတ်ချက်မချဘူး။

နှုတ်ခမ်းမွှေးက ဘေးကနေ ဆရာဝန် ဝယ်ခိုင်းတဲ့ဆေး ပြေး ဝယ်ပေးလိုက်၊ ကျနော့်ကို ရေတိုက်၊ သေးပေါက်လိုက်ပို့ အကုန် အောက် ခြေသိမ်း လုပ်ပေးပါတယ်။

ဒါပေမယ့် တစ်ယောက်တည်း လူနာစောင့်ရတာ အတော်ကြီး ရက်ကြာလာတော့ အိပ်ရေးပျက် ပင်ပန်းလွန်းလို့ထင်တာပဲ၊ မျက်နှာက ဒေါ်ပွတဲ့မျက်နှာ တစ်ချိန်လုံးဖြစ်နေတယ်။ ဒီကြားထဲ ဘေးနားက လူနာ တွေထဲမှာ ဝေဒနာပြင်းထန်လို့ အော်ဟစ်နေတဲ့ လူတွေရယ်၊ လူနာစောင့် က ဆေးဖိုးမရှိလို့

လူနာကို ဒီအတိုင်းပစ်ပြီး ပိုက်ဆံသွားရှာနေတာမျိုး အဲ့လို အဖြစ်အပျက်တွေ မြင်နေရတာဟာ သူ့အတွက် အတော် စိတ်ဒုက္ခ ရောက်ဟန် တူပါတယ်။ ဒီတော့ကာ သူကျနော့်ကို စကားပြောတဲ့အခါ စွတ်စက်ပြီး ဟောက်နေတာပါပဲ။

ကျနော့်အခန်းက ဗီရိုထဲမှာ ပိုက်ဆံ ငါးသောင်းတွေ့လို့ ဆေးဖိုး အဖြစ် သုံးထားတယ်။ နောက်ထပ် လိုလာတော့မယ်။ ဘယ်လို လုပ်မလဲ တဲ့။ ကျနော် အားတင်းပြီး သူ့ကိုဖုန်းနံပါတ်တစ်ခု ပြောလိုက်တယ်။ အဲ့ ကို ဆက်လိုက်၊ ကျနော်လွှတ်လိုက်တာလို့ ပြော၊ လိုတဲ့ ပိုက်ဆံ ထုတ်ပေး လိမ့်မယ် ပေါ့။ အဲ့ဒါကို ဘာထပ်ကွန့်သေးလဲ ဆိုတော့ မင့် ဇာတိမြို့ပဲ၊ ငါ သိတယ်။ လိပ်စာတော့ ငါမသိဘူး။ အကယ်၍ မင်းသေသွားရင် အခု ဖုန်း နံပါတ်ကို ဆက်ပြီး ပြောလိုက်ရင် ရတယ်မလား၊ မင့်အိမ်ကို အကြောင်းကြားပေးနိုင်တယ်မလား တဲ့။ လူနာကို အားပေးကြမ်းပုံပေါ့။

နောက်တော့ သူပြောပါတယ်၊ အဲ့ဒီတုန်းက မင်းသေမသေ ဘယ်သူမှ အာမ မခံဘူး၊ ဒီတော့ မင့်အသုဘစရိတ်လည်း ငါ့မှာ မရှိတော့ ကာ ကြိုမေးထားတာတဲ့။

ကျနော့်ကို ညနေခင်း မိုးချုပ်ခါနီးတိုင်း ထိုးတဲ့ ဆေး ၂ ချောင်း ဟာအတော်ပြင်းလွန်းတယ်။ ထိုးပြီးတာနဲ့ မြင်ကွင်းတွေကကွေးကောက် ကုန်တာရယ်။ အဲ့ဒါအပြင် ခဏလောက်မှိန်းနေပြီး မျက်လုံးဖွင့်လိုက်တာ နဲ့ မျက်နှာကြက်ကနေ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် မျက်နှာချင်း ဆိုင်ပြီး ကျနော့်ကို စိုက်စိုက်ကြည့်နေတာမြင်ရတယ်။ သရဲခြောက်တာ တို့ ဝိညာဉ်တို့ ဘာတို့ဆိုတာ လောကမှာ မရှိဘူးလို့ ယုံကြည်ထားတဲ့ ရုပ်ဝါဒီတွေပီပီ ဘယ့်နှယ့်မှ မနေပါဘူး။ ကျနော့်ကို ထိုးတဲ့ ဆေး ၂ ချောင်း ရဲ့ အစွမ်းကြောင့် ထင်ယောင် ထင်မှားတွေ ဖြစ်တယ်ဆိုတာ ကျနော်သိသားပဲ။ ဒါပေမယ့် မျက်လုံးပိတ်လိုက်တိုင်း အဲ့ဒီမျက်နှာကြီးက ကိုယ့် မျက်ခွက်နား ရောက်ရောက်လာသလို ခံစားရပြီး မျက်လုံးဖွင့်ထားပြန်ရင် လည်း မျက်နှာကြက်ပေါ်ကနေ ဆံပင်ရှည်ကြီးနဲ့ တွဲလောင်းကြီး လုပ်နေ ပြန်တယ်။ ကြာလာတော့ သည်းမခံနိုင်တော့ဘူး။

ကျော်ကြီး ကျနော့်ကို မိန်းမတစ်ယောက် မျက်နှာကြက်ပေါ် ကနေ စိုက်စိုက်ကြည့်နေတယ်ဗျာ ... မခံနိုင်တော့ဘူး လို့ အားကိုးတကြီး ပြောလိုက်မိတယ်။ ငါ့ညီရာ ဒါတွေက တကယ်မှ မဟုတ်တာ၊ ဘာညာ နှစ်သိမ့်မယ် မထင်နဲ့။

ယီးပြုလို့ သွားကြည့်နေတာလား၊ တခြားကို ကြည့်နေလိုက်... တဲ့၊ စာအုပ်အဖတ်မပျက် လူကို မကြည့်ပဲ ပြန်ဟောက်လာတယ်။

ဒါနဲ့ ငါများ အစားအသောက်ကောင်းလေး စားရရင် နေသာသွားမယ်လို့ စိတ်ကူးတဲ့ပြီး...

ကျော်ကြီး ကျနော် သေတော့မှာပါ၊ သေမှာ မကြောက်ပါဘူး၊ ဒါပေမယ့် မသေခင်လေး တစ်ခုလောက် ကူညီဗျာ ဆိုတော့...

"ဘာလဲ..." တဲ့။

"ဟိုဟာလေ တရုတ်တန်းက ဘဲသားဆန်ပြုတ်လေး သောက်သွားချင်လိုက်တာဗျာ ..." လို့ မျက်နှာငယ်လေးနဲ့ တောင်းဆိုလိုက်တယ်။ "အဲ့ဒါလေး သောက်ပြီးရင် သေပျော်ပါပြီ..." လို့။

"ငါယိုးမ . . လူကသာ သေမလိုဖြစ်နေတာ၊ လူပါးလာဝနေတယ်၊ ဘာတရုတ်တန်းက ဘဲသားဆန်ပြုတ်လဲ . . . ငါ့မယ် ဒင့်ကို ပြုစုရ လွန်းလို့ ပင်ပန်းလွန်းလို့ပါဆိုနေ ဟိုဟာပူဆာ ဒီဟာပူဆာ ပလီပလာနဲ့ ယီးမှ မဝယ်ပေးဘူး၊ မင့်ဖာသာ သေချင်သေ..." တဲ့။

ကျနော်လည်း မျက်လုံးလေးမှိတ် အံလေးကြိတ်ပြီး မနည်း အိပ်ပျော်အောင် ကြိုးစားရတော့တာပဲ။

စိတ်ထဲမှာတော့ မအေဘေးကြီး . . . ခင်ဗျား မှတ်ထား၊ မင့် အလှည့် ဆေးရုံတက်ရပလေ့စေ၊ ရေက လွှဲပြီး ဘာမှ မတိုက်ပဲနေဦးမယ် ပေါ့။ အဲ့လိုတွေ တွေးပြီး ပက်ပက်စက်စက်တွေ စိတ်ထဲက ဆဲဆိုနေလိုက်တယ်။

အဲ့လိုနဲ့ ရက်ကြာလာတော့ နှစ်ယောက်သား အတော်ဖားလာ ပြီ။ သေကောင်ပေါင်းလဲ လူနာတစ်ယောက်ကို သူတစ်ယောက်တည်း ပြုစုရတာ အဆင်မပြေတော့ဘူး။ ဒီကြားထဲ ပတ်ဝန်းကျင် အခြေနေကြီး က အတော်ဆိုးရွားလွန်းတယ်ဗျာ။ တဖြုတ်ဖြုတ် သေတဲ့ လူတွေ၊ ခုနက ပြောသလို ဆေးဖိုးမရှိလို့ ဒုက္ခတွေ့နေတာတွေ၊ ညစ်ပတ်စုတ်ပြတ်နေတဲ့ ပတ်ဝန်းကျင်။ အဲ့ဒါတွေကို လူနာဖြစ်တဲ့ ကျနော်ကော၊ လူနာစောင့်ဖြစ်တဲ့ သူကော ဘယ်လိုမှ သည်းမခံနိုင်ဘူး။ နှုတ်ခမ်းမွေးကတော့ အဲ့ဒါတွေ ကြည့်တဲ့ပြီး တစ်ချိန်လုံး ဆဲနေတာပါပဲ။

"ငါယိုးမ တိုင်းပြေ ... ငါယိုးမ အစိုးရ ..." အဲ့လိုတွေရယ်။

ပြီးတော့၊ လူက နည်းနည်းလေး မဆိုးတော့ဘူး၊ မသေလောက် တော့ဘူးလို့ ထင်လာပြီ။ ဒါပေမယ့် အဖျားကတော့ မပြတ်ဘူး။ ဆေးရုံက လည်း ဘယ်လိုမှ ဆင်းခွင့်မပေးဘူး။ အန္တရာယ်ရှိသေးတယ်ပေါ့။ စောင့် ကြည့်နေတုန်းပေါ့။

ဒါနဲ့၊ နှုတ်ခမ်းမွေးနဲ့ ကျနော် တိုင်ပင်ပြီး ပစ္စည်းပစ္စယလေးတွေ အသာထုပ်(ဘာမှလည်း မရှိပါဘူး၊ ကျန်ကျောင်းအိတ်နဲ့ တစ်လုံးပါပဲ)၊ သေးပေါက်မလိုလို ချေးပါမလိုလို လုပ်ကြတဲ့ပြီး နောက်ပေါက် လှေကား ကနေ

ဆင်းပြေးကြတော့တာပါပဲ။

ကျောက်မြောင်းဈေး နောက်ဖက်မှာ တိုက်ခန်းလေးနဲ့ နေပြီး စာရေးဆရာ ကဗျာဆရာတွေကို ဆေးအလကား ကုပေးနေတဲ့ နှုတ်ခမ်း မွှေးရဲ့ဆရာအရင်း ဒေါက်တာတင်စံဦးဆီ ခေါ်သွားတယ်။

အဲ့ဒီ ဆရာရဲ့ စတိုခန်း မှောင်မှောင်လေးထဲမှာ ကျနော့်ကို ထား တဲ့ပြီး ဆရာလေးကိုယ်တိုင် ဆက်ကုပေးရာကနေ ကျနော် သက်သာလာ ခဲ့တယ်။

အကုန်တွက်ချက်ပြီး

ရန်ကုန်က လိုအပ်တာတွေ ဝယ်ခြမ်း

ဘိုကလေးကို ခဏလစ်သွားတယ်

စာအုပ်အငှားဆိုင်နာမည်က Do or Die

(သေမလား သတ်မလား) ပေါ့ ဆိုလား

၅။

တစ်နေ့သား နှုတ်ခမ်းမွေး ကျနော့်ဆီ ရောက်လာပြီး ပြောတယ်။

ဟော့ ငါအလုပ်ရပြီကွ တဲ့။ အလုပ်က လွှတ်လို့ စင်ကာပူကို တစ်လလောက် သွားရဦးမယ်ဆိုလား။ အမယ် တယ်ဟုတ်ပါလားပေါ့။ ခုခေတ် အပျင်းပြေ စင်ကာပူ သွားလည်နေတဲ့ခေတ်မှာ ဒီကိစ္စက ဘာမှ မဆန်းတော့ပေမယ့် ပါ့စပို့တစ်အုပ် လက်ထဲရောက်ဖို့ နှစ်ချီစောင့်ရတဲ့ အဲ့ဒီခေတ်က ကြီးကျယ်တဲ့ ကိစ္စကြီး။ ပြောစမ်းပါဦး ဘယ်က ဘယ်လို ဆိုတော့...

ကျောက်မြောင်းတဝိုက်မှာ သူနဲ့အတူနေတဲ့ ဒေါက်တာ တင်စံ ဦးနဲ့ ပတ်သက်လို့ လိုက်ပြီး ဝိုင်းဖွဲ့လေ့ရှိတဲ့ လက်ဖက်ရည်ဝိုင်းတွေရှိတယ်။ စာရေးဆရာ ကဗျာဆရာ အဲ့လိုအသိုင်းဝိုင်းပေါ့။ တစ်ခါတလေ ကျတော့ အပြင်လူတစ်ယောက်တလေ ပါလာလေ့ရှိတယ်။ အဲ့လိုလူတွေ ထဲက တစ်ယောက်က နှုတ်ခမ်းမွေးရဲ့ လက်ဖက်ရည်ဆိုင် တော်ကီတွေ ကို နှစ်ခြိုက်ပုံရပါတယ်။

ဟော့ ကျော်ကျော် မင်း ဘာအလုပ်လုပ်လဲ ပေါ့။ အလုပ်မရှိဘူး ဆိုတော့ ... ဘာလုပ်တတ်လဲ မေးတယ်။ ရေဒီယို ကက်ဆက်ပြင် မီးကြိုး ပြင်တတ်တယ် ဆိုတော့၊ အိုခေ ငါ့ဆီ လာလုပ်ဆိုပြီး အလုပ်တန်းခန့် လိုက်တော့တာပဲ။ အောင်ဆန်းကွင်း ဂေါ့ဖ်ရိုက်တဲ့ ပစ္စည်းတွေ ရောင်းတဲ့ ဆိုင်ဘေးနားက ဂျာပန်ကင်မရာ ကန်ပနီကြီး။ လက်ဖက်ရည်ဆိုင် ထိုင် ဖက် အဲ့ဒီဘိုးတော်ကြီးက ပိုင်ရှင်ဆိုလား။ အဲ့ဒီမှာ ကင်မရာ အကောင်း စားတွေကို ဆားဗစ္စလုပ်ပေးရတဲ့ တက်ကနီရှင် ဆိုပါတော့။

ဒါပေမယ့် ရေဒီယိုပြင်တဲ့လူလက်ထဲ သိန်းကျော်တန် ကင်မရာ တွေ တန်းထည့်မပေးရဲဘူး။ ဒီတော့ကာ စင်ကာပူရုံးကို သွားပြီး ထရိန်နင် တက်စေဆိုပြီး လွှတ်တာပေါ့။

လူက ပေတိပေစုတ်နဲ့ လေယာဉ်ပေါ်တက်စရာ အဝတ်အစား မရှိဘူး။ ကျနော့်ဆီရှိတဲ့ ရှပ်အင်္ကျီအသစ် တစ်ထည်တိတိကို ထုတ်ပေးတယ်။ ကိုယ့်မှာလည်း ဒါပဲရှိတာရယ်။ အင့်အင်း မကြိုက်ဘူးတဲ့ (သူ့ရှပ်က ဖြင့် မလုပ်ပဲ ချေးက များသေးတယ်)။ ဘောင်းဘီ၊ ဖိနပ်၊ အင်္ကျီ ဟိုလူပေးပါ ဒီလူငှားပါနဲ့ လစ်သွားရော။ တစ်လလောက်နေတော့ ပြန်ရောက်လာတယ်။ စင်ကာပူပြန် တက်ကနီရှင်ကြီးပေါ့။ ပုံမှန်ဝင်ငွေတစ်ခု ရှိတဲ့ လခ စားကြီး ပေါ့။ အဲ့ဒီခေတ်က ဒါမျိုးအလုပ်ဆိုတာ ဖွန်လရဲ့နှင်းပွင့်လေးတွေ လိုပဲ ပါးရှားလွန်းတဲ့ ခေတ်ကြီးကိုး။

ကျနော့်ဖို့ ချေဂေဗားရား စတစ်ကာပါတဲ့ တီရှပ်တစ်ထည် တိတိ ပါလာတယ်။ ကျန်တာ ဘာမှမဝယ်ဘူး။ တစ်လလုံး အသိတစ် ယောက်ဆီမှာ ခိုကပ်နေခဲ့တယ်။ နေ့စဉ်အသုံးစရိတ်ရတဲ့ ပိုက်ဆံကို တစ်ပြားမှ သုံးမလာဘူး။ ဒေါ်လာလေး ၅၀၀-၁၀၀၀ လောက် နေမယ်။ ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ပြန်လာတယ်။ အလုပ်ပိတ်ရက်လည်း ရောက် ကော ကျနော့်ကို လာပြောတယ်။ ငါ့မြို့ ဘိုကလေးကို ပြန်ပြီး လုပ်စရာမရှိပေတေ လေလွင့်နေတဲ့ လူငယ်တွေကို ငါ့လက်ထဲက ပါလာတဲ့ ပိုက်ဆံ လေးနဲ့ တစ်ခုခု တည်ထောင်ပေးမယ်တဲ့။ ကျနော် ဘာမှမပြောပါဘူး။ ပြုံးပြီးနားထောင်နေတာပါပဲ။

စာအုပ်အငှားဆိုင် ထောင်မယ်ကွာ။ ဆိုင်နေရာ ဘယ်လို၊ မီး အတွက်က လျှပ်စစ်မီး၊ အင်ဗာတာ၊ ဘက္ထရီအိုး၊ စာအုပ်စင်တွေက ဘယ်လို၊ အငှားဆိုင်ဆိုတော့ လိုင်းစာအုပ်တွေပါ တင်ရမယ်။ မီကိုဖူးဇင် ချာပါတီဖူးဇင်တွေ ချန်လို့မရ။ စာအုပ်အကောင်းတွေလည်း ပါရမယ်။ အစရှိသဖြင့် အကုန်တွက်ချက်ပြီး ရန်ကုန်က လိုအပ်တာတွေ ဝယ်ခြမ်း၊ ဘိုကလေးကို ခဏလစ်သွားတယ်။ စာအုပ်အငှားဆိုင်နာမည်က Do or Die (သတ်မလား သေမလား ပေါ့) ဆိုလား။

လနည်းနည်းကြာတော့ ကျနော့်ဆီ ရောက်လာပြန်တယ်။ မျက်ခွက်ကြီးက တင်းမာနေတာပဲ။ စာအုပ်ဆိုင် မရှိတော့ဘူးတဲ့။

"ဟင် ဘာဖြစ်တာလဲ..." ဆိုတော့

အလုပ်မဖြစ်တာထက် သူ့လူငယ် အကောင်းစားလေးတွေ ဟာ စာအုပ်ဆိုင်ကို သူ့ပထွေးအမွေဆိုင်လို သဘောထား၊ ရတဲ့ ပိုက်ဆံ ကို သုံးချင်သလိုသုံး၊ ဆိုင်ထဲမယ် သောက်စား၊ ဆေးချ အဲ့လိုတွေ လုပ်တဲ့အပြင် လိုသမျှ ထပ်ထည့်ရတဲ့ စာအုပ်တွေကို မှာသာ ဆက်မှာလို့ သူက ပို့သာ ပေးနေရတယ်၊ ပိုက်ဆံက တစ်ပြားမှ ထွက်မလာဘူးတဲ့။ တတိတိနဲ့ ဖြစ်လာလို့ သူ မသင်္ကာပဲ လိုက်သွားတော့မှ အဖြစ်မှန်ကို သိရတယ်ဆိုလား။

"ခင်ဗျား ဘာလုပ်ခဲ့လဲ . . ." ဆိုတော့ ဒေါသတကြီးနဲ့ ပြောတယ်။ ဘာလုပ်ရမှာလဲကွ . . . စာအုပ်ဆိုင်ထဲက ငါလိုချင်တဲ့ စာအုပ်တွေ ရွေးထုတ်ပြီး ယူ၊ ကျန်တဲ့ စာအုပ်တွေ အကုန်လုံးကို ဆာလာအိတ်တွေ ထဲ အကုန်သွပ်ထည့်၊ ငှက်လှေပေါ် တင်ယူသွားပြီး မြစ်လယ်မှာ အကုန် ကန်ချထားပစ်ခဲ့တယ်ကွာ။ အဲ့ဒီစာအုပ်ဆိုင် နိဗ္ဗာန်ထိတံလေရော့ပဲ တဲ့။

"ခင်ဗျားကလည်း ဗျာ . . ." လို့ ပြောရင်း ကျနော် အော်ရယ်နေမိတယ်။

ကျနော် ရယ်တာ ရပ်သွားတော့ သူ နာနာကျင်ကျင် အသံကြီးနဲ့ ဆက်ပြောတယ်...

ဟရောင် . . . ငါ့ဘဝမှာ စောက်ကောင်းတွေ မစားဖူး၊ စောက် ကောင်းတွေ မဝတ်ဖူးတာ မင်းသိပါတယ်ကွာ၊ ငါလည်း လူပဲ၊ အဲ့ဒါတွေ မတောင့်တဘူးလို့ မင်းထင်သလား၊ ဒါပေမယ့် ငါချုပ်တီးခဲ့တယ်၊ မရှိမဲ့ ရှိမဲ့လေးနဲ့ သူတို့ကို သွားလုပ်ပေးတာကို ဒီလိုလုပ်ပစ်တာ ငါဘယ် လောက် နာကျင်ရတယ်ထင်လဲ၊ တဲ့။ ငါ့ပိုက်ဆံတွေ ကုန်ပြီ။ တစ်ပြား တောင်မကျန်ဘူးတဲ့။

အေးပါ ကျော်ကြီးရာ၊ တစ်ခါတလေကျ လူ့ဘဝမှာ စိတ်ကူး တိုင်း ဖြစ်လာတာမှ မဟုတ်တာကိုး ဘာညာနဲ့ ကျနော်သူ့ကို ပြန်ချော့နေ ရတယ်။ စိတ်ထဲလည်း မကောင်းဘူးရယ်။ ဒီအဖြစ်အပျက်က ရယ်စရာ မဟုတ်ဘူးဆိုတာ ကျနော်သိပါတယ်။ လူက အော်ရယ်နေတိုင်း ရယ်နေတယ်လို့ ယူဆလို့မှ မရတာကိုး။

အဲဒီလိုနဲ့ သူဟာ ဂျပန်ကင်မရာတွေ ပြင်တဲ့လူအဖြစ် ဆက် ရပ်တည်နေတယ်။

ကျနော် နေမကောင်းပျောက်ခါစမှာ လူတစ်ယောက် လာရှာတယ်။ ကျနော့်အဖေရဲ့ အကို ဆိုလား။ နျူးယော့ခ်မှာ နေနေတာတဲ့။ မင့် အဖေက ဆယ်တန်းကို ၆ နှစ် နေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ R.I.T တက်နေတဲ့ ငါ့ကို အင်ဂျင်တွေပြင် မက္ကင်းနစ်လုပ်ရင်း ပိုက်ဆံပို့ခဲ့ရ လို့တဲ့။ ထားပါတော့၊ အဲ့ဒါတွေ ကျနော်စိတ်မဝင်စားပါဘူး။ အမေရိကား လိုက် မလားလည်း မမေးပါဘူး။ ဒေါ်လာ ၃၅၀၀ လက်ထဲ မုန့်ဖိုးဆိုပြီး ပေးသွားတယ်။ ဒါပါပဲ။

တိုတိုပြောရရင် အဲ့ဒီ ပိုက်ဆံ သုံးပြီး ကျနော် စင်ကာပူရောက် သွားတယ်။ သင်္ဘောကျင်းထဲ ဝရိန်ဆော်တဲ့ ကောင်၊ မီးခံမှန်တပ်ထားတဲ့ စတီးတံခါး ဆင်တဲ့ ကောင်၊ တက္ကစီကားတွေရဲ့ ခေတ်ကြိုးပြင်တဲ့ ကောင် အစရှိသဖြင့် ဘဝပေါင်းများစွာမှာ ကျင်လည်နေခဲ့တယ်။

နှုတ်ခမ်းမွေးဟာ ကင်မရာပြင်ရတာကို ပျင်းရိလာတယ်။ ဝင်ငွေတစ်ခု ရှိပေမယ့် စားလောက်ရုံအပြင် ဘာမှမထူးဘူးလို့ ထင်လာတယ်။ ဒါနဲ့ပဲ သူ့တစ်သက်လုံး စုဆောင်းထားတဲ့ စာအုပ်သေတ္တာ ၂ ခုကို ထုတ်တယ်။ အထဲမှာပါတဲ့ စာအုပ်တွေဟာ အဟောင်းအမြင်းတွေပေ မယ့် ရတနာသိုက်လို့ ခေါ်နိုင်တယ်။ အဲ့ဒီသေတ္တာ ၂ ခု ကို သယ်ပြီး ခုခါမှာ လူသတ်မှုနဲ့ ထောင်တစ်သက်တကျွန်း ကျနေတဲ့ ခေတ်ရှင်မင်းသားဆီ သွားတော့တာပဲ။ အဲ့ဒီကောင်က ပိုက်ဆံပေါတဲ့ သူ့ငယ်ငယ်က ကျောင်း နေဖက် ဆိုကိုး။ ပြီးတော့ စာလည်း အတော်ဖတ်တယ်တဲ့။

ဒါနဲ့၊ စာအုပ်သေတ္တာ ၂ ခုကို သူ့ရှေ့ ဝုန်းခနဲ ပစ်ချပြီး ကိုင်း . . . ဒါတွေ ပေါင်မယ်၊ အပေါင်ခံပါ၊ ငါ့ကို ပိုက်ဆံ ၁၃ သိန်း ပေး . . . ဆိုတော့၊ ဟိုကောင်ကလည်း ရော့ ၁၃ သိန်း၊ စောက်ပိုတွေ လာမပြောနဲ့ မကြားချင် ဘူး

လစ်တော့လို့ ပြန်ပြောသတဲ့။

အဲ့ဒီ ပိုက်ဆံ ၁၃ သိန်း လက်ထဲရလာတော့ ကင်မရာပြင်တဲ့ အလုပ်ကို စွန့်ပြီး စင်ကာပူကို ရောက်လာတယ်။

သင်္ဘောကျင်းမှာ ရေပိုက်တပ်တဲ့ အလုပ်သမားအဖြစ်နဲ့ပေါ့။ စင်ကာပူ ရောက်လာတော့ သူ့ဘော်ဒါ ကျနော်နဲ့ မတွေ့နိုင် တော့ဘူး။ ကျနော်က ရက်ကျော်မှုရယ်၊ အလုပ်ရှင်တရုတ်ကို စင်ကာပူ လဝကရုံးမှာ မျက်နှာချင်းဆိုင် ဖြေရှင်းရာကစိတ်မထိန်းနိုင်ပဲကုလားထိုင် နဲ့ ရိုက်တဲ့အမှုရယ် ၂ မှု ပေါင်းပြီး ထောင်ကျသွားခဲ့ပြီ။

နှစ်ဖက်သော မိဘတွေ မပါဘူး

ဘာ အခမ်းနားမှုလည်း မလုပ်ဘူး

သတို့သားကော သတို့သမီးပါ

သူလို ငါလို အဝတ်အစားတွေနဲ့

ဗူးစင်လေး သစ်ပင်အရိပ်လေးတွေ အောက်မှာ

ဖျာကြမ်းလေး ခင်းပြီး

ထွေထွေထူးထူး မဟုတ်တဲ့

ထမင်းလေး ဟင်းလေး စားကြတယ်

ကြွရောက်လာတဲ့ ပရိသတ်ဆိုတာကလည်း

စာရေးဆရာ အဘိုးကြီးတွေချည့်ပဲ

လူငယ်ဆိုလို့ တစ်ယောက်တလေပဲ ပါမယ်

ကာလတစ်ခု အကြာမှာ ကျနော် စင်ကာပူထောင်က ထွက်တယ်။ တောပြန်တယ်။

နှုတ်ခမ်းမွေးသတင်း ဘာမှမကြားဘူး။ ဘာမှလည်း အဆက် အစပ် မရှိတော့ဘူး။ သူ စင်ကာပူမှာ ရှိနေမှန်းတော့ ကျနော်သိတယ်။ အလွယ်တကူ ဆက်သွယ်လို့ရတဲ့ ခေတ်မဟုတ်တော့ ဒီလိုပဲ အဆက် အသွယ် ပြတ်တောက်သွားတယ်။ ဘဝမှာ ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရှိတော့မှန်း သေချာသွားတဲ့အခါ ကျနော်က အရှုံးပေးသွားခဲ့ပြီ။ ပထမ ၄-၅ လမှာ ဘာအလုပ်မှမလုပ်ပဲ ပေတေပြီး ဂစ်တာတီးလိုက် စာဖတ်လိုက် လုပ်နေပေမယ့် အချိန်တန်တော့ ပိုက်ဆံရှာရမယ်မှန်း အသိဝင်လာပြီး တရုတ်ပြေနယ်စပ်မှာ မှောင်ခိုကုန်ကူးတဲ့ ကောင် ဖြစ်လာတယ်။

နယ်စပ်မျဉ်းပေါ်က ညောင်ပင်ကြီးအောက်မှာ ကျနော် အမြဲ တမ်း ရှိနေတတ်တယ်။ ကားပေါ်က ကုန်ချပြီးတာနဲ့ ဘိလိယက်ခုံမှာ အချိန်ကုန်နေတာပါပဲ။ ညနေစောင်းရင် အရက်သောက်တယ်။ ချမ်းချမ်း စီးစီးမှာ အရက်ဆိုင်လေးထဲ ထိုင်ရင်း မှုံးမှုံးနဲ့ ဆေးလိပ်လေးဖွာ၊ ကားလ မတ်ရဲ့ ပြင်သစ်ပြေရဲ့ရှုန်းကန်မှု ဆိုတဲ့ ဘုတ်အုပ်ကြီးကို ထုတ်ထုတ်ဖတ် နေတာပါပဲ။ စာအုပ်ဖတ်ရင်း ပျင်းရိလာရင် ဂျင်ဝိုင်းသွားတယ်။ ငယ်ငယ် ကလို ဂျင်ကို ဝင်မဆော့ဘူး။ ဂျင်ထိုးနေတဲ့ တရုတ်တွေ၊ ဗမာတွေ လူအုပ် ကြီးထဲမှာ သွားထိုင်နေတာပဲ။ အလျော်အစားတွေကို ငေးကြည့်နေတယ်။ တစ်လက်ပြီး တစ်လက် ဖွင့်သမျှ ပေါက်ကောင်တွေကို ကျောက်သင်ပုန်းမှာ ကားချပ်နဲ့ ချိတ်သွားတာကို ငေးရင်း စိတ်ထဲမှာ တွက်ချက်ကြည့်နေတယ်။ အဲ့ဒါဟာ နာရီဝက်တစ်နာရီ ကချင်မှ ကလိမ့်မယ်။ အဲ့လို ငေးကြည့် နေရင်း စိတ်ထဲက တွက်ချက်မှု သေချာပြီလို့ ထင်တဲ့အခါ လွယ်အိတ်ထဲ က ပိုက်ဆံ တစ်သိန်းအုပ် တစ်အုပ်ကို ဆွဲထုတ်ပြီး ကိုယ်တွက်ထားတဲ့ အကောင် ရေးထိုးထားတဲ့ ကားချပ်ပေါ် ဘုတ်ခနဲ ပစ်တင်လိုက်တယ်။ အန်စာသီး ထည့်ထားတဲ့ ပန်းကန်ပေါ်က ယွန်းအုပ်ကလေး အလုပ်ကို စိုက်ကြည့်တယ်။ ထိုးထားတဲ့ အကောင်ပေါက်သွားရင် အလျော်ရတဲ့ ပိုက်ဆံ ၃ သိန်းကို အိတ်ထဲ ကောက်ထည့်တယ်။ မရယ်မောဘူး။ မပြုံးရွှင် ဘူး။ ဆတ်ခနဲ ထပြီးပြန်တာပါပဲ။ မပေါက်ပဲ စားသွားတဲ့ ရက်တွေမှာ လည်း ဆက်မထိုးပါဘူး။ ခံစားချက်မဲ့မျက်နှာနဲ့ထပြီးပြန်သွားတတ်တယ်။

ပတ်ဝန်းကျင်မှာ ကောင်းတာ ဘာတစ်ခုမှ မမြင်ဘူး။ မူးယစ် ဆေးသုံးတဲ့ လူတွေဟာ ၉၀ ရာခိုင်နှုန်းပဲ။ လိမ်ညာကောက်ကျစ်မှုတွေ၊ လူသတ်မှုတွေ(လူသတ်ဖို့

တရုတ်ငွေ အနည်းငယ်ပေးရင် အသတ်ခိုင်း လို့ရတယ်)၊ ကုန်လုရင်း ရန်ဖြစ်လို့ မော်တော်ဆိုင်ကယ်စီးတဲ့ တရုတ် လူမိုက်တွေ လွှတ်ပြီး ရိုက်ခိုင်းတာတွေ၊ ဗမာပြည်ထဲက ဒီဖက်လာပြီး ပြည့်တန်ဆာအဖြစ် အသက်မွေးနေတဲ့ မိန်းကလေးတွေ။

ကုန်ဖိုးငွေတွေချေပြီးရင်အပြန်သယ်မယ့်ကုန်တွေဝယ်တယ်။ ကားပေါ်တင်ပေးတယ်။ ပိုတဲ့ ငွေတွေကို ဟွန်ဒီ လွှဲတယ်။ ကုန်ကားပေါ် တက်ထိုင်ပြီး ဗမာပြည်ဖက်ကို ပြန်လိုက်လာတယ်။ တောင်အတက် အဆင်းမှာ တောပန်းတွေ စမ်းချောင်းလေးတွေကို ငေးရင်း ဂျွန်ဝီလျံရဲ့ ကလပ်စစ်ကယ် ဂစ်တာသံတွေကို ကြားယောင်တယ်။ အိမ်ပြန်ရောက် တဲ့ အခါမှ သက်ပြင်းချတယ်။ စိတ်နည်းနည်း ချမ်းသာသွားတယ်။ ဂစ်တာ ကိုင်တယ်။ စာအုပ်ကိုင်တယ်။ အိမ်အပြင် မထွက်ဘူး။ ညမိုးချုပ်မှ မြို့ပြင်က အရက်ဆိုင်လေးကို သွားထိုင်တယ်။ တစ်ရက် နှစ်ရက် သုံးရက် တရုတ်ပြေဖက်ကို ကုန်ကားနဲ့ တက်ရပြန်တယ်။

အဲ့ဒီလိုနဲ့ သံသရာလည်နေရင်း ၆ လ လောက် အကြာမှာ ကျနော့်ဆီ ဖုန်းလာတယ်။ သွားကိုင်တော့...

“ဟရောင် . . . ယီးလုပ်နေတာလား” တဲ့၊ ကျနော် မှတ်မိနေတဲ့ အသံပဲ။ နှုတ်ခမ်းမွေးရဲ့အသံ။

တောမှာ ဘဝကို အေးအေးသက်သာ ဖြတ်သန်းရင်း အပူပင် ကင်းကင်း နေထိုင်နေတာလို့ ပြန်ဖြေတော့ ငါ့လခွမ်းပဲကွာ တဲ့။ ဖုန်းကတ် က တစ်ဆယ်ဖိုး ဝယ်ထားတာ၊ ဆယ့်ငါးမိနစ်စာပဲ ရမယ် တဲ့။ သူပြောချင် တာတွေ စွတ်ပြောနေတယ်။ စာရွက်နဲ့များ ချရေးထားလားမသိဘူး။ မိန့်ခွန်းပြောသလို ပြောနေတာ။ အတိကျတော့ မမှတ်မိပါဘူး။ လိုရင်းက တော့ သူရုန်းကန်နေတယ်။ နေ့လယ်ခင်း သင်္ဘောကျင်းထဲ နေပူခံပြီး ပိုက်တွေ ဆက်၊ ညနေစောင်းရင် မနားပဲ ညကျောင်းသွားတက်၊ အဲ့လို လုပ်နေသတဲ့။ အတော်ဖားနေပြီ တဲ့။ ရတဲ့ လစာက အခြေခံ လစာလေး ဆိုတော့ တစ်ပဲခြောက်ပြားလောက် ရတာကို ကျောင်းလခချည့်ပဲ သွင်း နေရတော့ ထမင်းတောင် မဝဘူးကွာ တဲ့။ စာကလည်း ကျက်ရ၊ အလုပ် ကလည်း လုပ်ရနဲ့ တစ်ရက်ကို လေးနာရီတောင် မအိပ်ရဘူးတဲ့။ အရက် သောက်၊ ဘိလိယက်ထိုး ဂျင်ထိုးရင်း ဘဝကို သက်တောင့်သက်သာ နေ နေရတဲ့ ကျနော့်က အဲ့ဒါကို မနာလိုသလို ဖြစ်လာတယ်။ ကျောင်းတက် နေတယ် ဆိုကိုး။ ကိုယ့်အတွက် မဖြစ်နိုင်တော့တဲ့ ရည်မှန်းချက်ကြီးကို သူက ရုန်းကန်ရင်း အကောင်ထည်ဖော်ခွင့် ရနေပြီလေ။ ဘဝကို အသေ အကြေရုန်းကန်ခဲ့ရတဲ့ လူငယ်၂ယောက်မှာငါကျတော့ ဘာလို့များ ရှုံးနိမ့် ခဲ့ရတာလဲပေါ့။

“မင်း ဘာမှ ပြန်မလုပ်တော့ဘူးလား...” တဲ့။

"ဒါပဲလား..."တဲ့။

"ဒါအကုန်ပဲလား..." တဲ့။

သူပြောချင်တာတွေ စွတ်ပြောပြီးတော့ ဖုန်းက တစ်ခနဲ မြည်ပြီး ပြတ်သွားတယ်။ ဖုန်းကတ်� ကုန်သွားတာဖြစ်မယ်။ ကျနော် ဖုန်းချပြီး တွေတွေလေး ငေးနေမိတယ်။

နောက် ၃ လ လောက်နေတော့ ကျနော် အိမ်က ထပ်ထွက်လာ ခဲ့တယ်။

ကျနော့် အိမ်က ဒေါ်ပွပြီး ကျန်ခဲ့ကြမယ် ထင်တာပဲ။ နှစ်ပေါင်း များစွာ အိမ်က ထွက်သွားပြီး ဘယ်သွားလို့ ဘာလုပ်ခဲ့မှန်းမသိဘူး။ ပြန် ရောက်လာပြီး ငူတူတူကြီး လုပ်နေတယ်။ နည်းနည်းကြာတော့ သူတို့ ဖြစ်စေချင်တဲ့အတိုင်း အိုးမကွာ အိမ်မကွာ စီးပွားရေးလုပ်တော့မယ် ဟန် ပြင်တယ်။ အားကိုးရတော့မလား မှတ်ခါမှ စိတ်ပြောင်းပြီး ကျနော့် အနာ ဂတ် ဒီမှာမရှိဘူး ထလုပ်တယ်။ နောက်တစ်ကြိမ် အိမ်က ထွက်သွားခဲ့ပြန်တယ်။

ကျနော် ရန်ကုန်ပြန်ရောက်ပြီး သိပ်မကြာဘူး၊ နှုတ်ခမ်းမွေး ဗမာပြေကို ခဏပြန်လာတယ်။

မြေနီကုန်းက လေးညို့ရှင် လက်ဖက်ရည်ဆိုင် (အခု မရှိတော့) မှာ ပြန်ဆုံကြတာပဲ။ နှစ်ပေါင်းအတန်ကြာ ကွဲနေကြတဲ့ ရဲဘော်ရဲဘက် တွေ ပြန်ဆုံရတော့ သူရောကိုယ်ပါ ဖြစ်ပျက်သမျှ ဇာတ်စုံခင်းနေတာနဲ့ပဲ နာရီတွေချီအောင် စကားဝိုင်းက မပြတ်ဘူး။

သူ့ ကျောင်းက အမှတ်စာရင်းလေးတွေကို စာရွက်လေးနဲ့ ပရင့် ထုတ်ယူလာပြီး ကျနော့်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြတယ်။

ခုခါမှာ ကျောင်းတွေ ဘွဲ့တွေ ဘာညာတွေကို ကျနော်ကော သူပါ ဘယ့်နှယ့်မှ မဘယ့်နှယ့်တော့ပါဘူး။ ဒါပေမယ့် အဲ့ဒီတုန်းကတော့ ဘဝကြီးတစ်ခုပေါ့။ လူရာမဝင်တဲ့ တိုင်းပြေက ပညာရေးမှာ မထွန်းပေါက် ခဲ့ရတဲ့ လူငယ်တွေကိုး။

သူ့ကျောင်းက မပြီးသေးဘူး။ ဘွဲ့ရဖို့က လိုသေးတယ်။ ပိုက်ဆံ လည်း လက်ထဲ တစ်ပြားမှမရှိဘူး တဲ့။ ခုက ဘာကိစ္စပြန်လာတာလဲ ဆို တော့ မိန်းမ ယူမလို့တဲ့။

ဟင် . . . ဘယ်က ပိုက်ဆံနဲ့ ယူမှာလဲဆိုတော့ မရှိလည်း ယူတယ်ကွာ တဲ့။

တကယ်လည်း ယူတာပါပဲ။ သံလျင်က ပန်းအိစံ ကိုအောင် ကြင့် ခြံလေးထဲ

မင်္ဂလာဆောင်တယ်။ နှစ်ဖက်သော မိဘတွေ မပါဘူး။ ဘာ အခမ်းနားမှုလည်း မလုပဘူး။ သတို့သားကော သတို့သမီးပါ သူလို ငါလို အဝတ်အစားတွေနဲ့။ ဘူးစင်လေး၊ သစ်ပင်အရိပ်လေးတွေ အောက် မှာ ဖျာကြမ်းလေး ခင်းပြီး ထွေထွေထူးထူး မဟုတ်တဲ့ ထမင်းလေး ဟင်း လေး စားကြတယ်။ ကြွရောက်လာတဲ့ ပရိသတ်ဆိုတာကလည်း စာရေး ဆရာ အဘိုးကြီးတွေချည့်ပဲ။ လူငယ်ဆိုလို့ တစ်ယောက်တလေပဲ ပါမယ်။

ကျနော် ဂုဏ်အယူဆုံးက အဲ့ဒီ မင်္ဂလာဆောင်မှာ ခုံလေးတစ် လုံး ချပြီး ကျနော် ကလပ်စစ်ကယ်ဂစ်တာ တီးခဲ့ရတာပါပဲ။ အဲ့ဒီတုန်းက တစ်ရက်ကို ၁၆ နာရီလောက် ဂန္ထဝင် သီချင်းကြီးတွေချည့် တီးနေတော့ ကာ အတော်လေး အဆင်ပြေတယ်ဆိုပါတော့။ ခုတော့ ဝေးသွားခဲ့ပါပြီ။

စာရေးဆရာ အဘိုးကြီး အဘွားကြီးတွေက တီးတိုးတီးတိုး စကားလေးတွေ ပြောနေကြတဲ့ နေရာမှာ ကျနော့် ဂစ်တာသံ ကြည်ကြည် လင်လင်လေးနဲ့ ညှိခံနေရတာဟာ ဘယ်လောက်ကြည်နူးစရာကောင်းလိုက်သလဲဗျာ။ အမှတ်ရစရာက ပိန်သွယ်သွယ် လူတစ်ယောက် အနား ကပ်လာပြီး...

“ခုနင်က ခင်ဗျားတီးတာ လာပါလိုးမား မဟုတ်လား၊ ဘာလို့ A နဲ့ မတီးတာလဲ၊ Drop D နဲ့ တီးသွားတာနော်၊ မဆိုးဘူး ပိုမြိုင်သလို ပဲ...”တဲ့။ နောက်တော့ သိရတာ အဲ့ဒါ ကိုဖိုးလမင်းဆိုလား။ ပြင်သစ်စာ ကျွမ်းတယ်တဲ့။ ဆရာမြသန်းတင့်သားတဲ့။

နောက်ထပ် အဘိုးကြီးတစ်ယောက် ကျနော်နဲ့ မျက်နှာချင်း ဆိုင်ပြီး ပြုံးပြုံးပြုံးပြုံးနဲ့ လာမေးသေးတယ်။

ခုတီးသွားတဲ့ Johann Sebastian Bach ရဲ့ သီချင်းလေး မဆိုးဘူးကွ တဲ့။ ကျနော်လည်း ဟုတ်ကဲ့ ဦးလေးပေါ့။ ဒီအဘိုးကြီးက Bach တွေ ဘာတွေ သိနေပါလားပေါ့။ ဒီလောက်ပါပဲ။ ခဏလောက်ကြာ တော့မှ ဘေးက လူတစ်ယောက် သူ့ကို စကား လှမ်းလှမ်းပြောတယ်။ လေးလေးသိမ်း လေးလေးသိမ်း နဲ့။ ဒါနဲ့ ကျနော်လည်း မေးကြည့်တယ်။ သူက ဘယ်သူလဲပေါ့။

စန္ဒရားသိမ်းမောင်၊ မြို့မသိမ်းမောင်၊ သကြ်န်မိုးထဲက စန္ဒရား ငြိမ်းမောင် ဆိုတာ သူပဲ တဲ့။ ကျော်ကျော့်ကို သိပ်ချစ်တာကွ။ မနေ့ကပဲ သူတို့လင်မယားကို ခေါ်ပြီး သူ့ပီယာနိုကြီးနဲ့ မင်္ဂလာမောင်နှံသီချင်း တီးတဲ့ ပြီး လက်ဖွဲ့သေးတာ တဲ့။

ဂစ်တာတီးနေရင်း ဟိုချော် ဒီချော်တွေ ဖြစ်ကုန်တယ်။ စိတ်ထဲ လန့်ဖျတ်သွားတာကိုး။ ဒင့်မေဂလွား ဂျာမနီပြန် ဂန္ထဝင်ဆရာကြီးရှေ့မှာ ငါပေါက်ကရတွေ လျှောက်တီးနေရင် စိတ်ထဲ ရယ်များနေမလားပေါ့။

အဲ့ဒီလို မိဘဆွေမျိုး အသိုင်းအဝိုင်းမပါ၊ မင်္ဂလာမောင်နှံနဲ့ စာရေးဆရာ အသက်ကြီးပိုင်းတွေချည့်ပဲ လာကြတဲ့ ခပ်ရိုးရိုး မင်္ဂလာဆောင်မှာ စတန့်ထွင်ပြီး ကလပ်စစ်ကယ်လ်ဂစ်တာတီးခဲ့မိတာ။ အဲ့ဒီ တုန်းက ကျနော် ဘာမှသိပ်မခံစားရပေမယ့် ခုခါမှာ ပြန်တွေးလိုက်တိုင်း ဂုဏ်အယူဆုံးဖြစ်ခဲ့ရတာပေါ့။

မိန်းမလည်း ယူပြီးကော နှုတ်ခမ်းမွေး စင်ကာပူပြန်သွားတယ်။ မိန်းမကိုတော့ ဒီတိုင်းပစ်ထားခဲ့တယ်။ ပြန်ရောက်သွားပြီး အရင်လို ပြန် ရုန်းကန်နေရတာပါပဲ။

ကျနော်လည်း ရန်ကုန်မှာ ဘာဆက်လုပ်မလဲ အကြံထုတ်ပြီး တစ်နေဆဲပဲ။

သိပ်မကြာဘူး။ နှုတ်ခမ်းမွေးဗမာပြေပြန်ရောက်လာပြန်တယ်။ ကျနော့်ကို လာတွေ့ပြီး ပြောတယ်။

ငါ ဒုက္ခတွေ့နေပြီကွာ တဲ့။ ကျောင်းပြီးဖို့ ၂ပတ်ကျန်သေးတယ်။ စာမေးပွဲ မဖြေရသေးဘူး။ ငါ့ကိုအလုပ်ကထုတ်ပစ်လိုက်တယ်။ ငါ့အလုပ် သမား မှတ်ပုံတင်က ပျက်သွားရော။ ဆက်နေခွင့် မရှိတော့ဘူး။ ဗမာပြေ ကို တန်းပြီး ပြန်ရတော့တာပဲ။ ကျောင်းက ညကျောင်းဆိုတော့ ဒါလေး ပြီးအောင် တက်ပါရစေလို့ လုပ်လို့လည်း မရဘူး။ ဒီတိုင်းကြီး ပြန်လာရတယ်။ သွားပြီ တဲ့။

မြတ်စွာဘုရား... နှစ်ပေါင်းများစွာ အငတ်ခံ အပင်ပန်းအဆင်း ရဲ ခံပြီး တက်ခဲ့တဲ့ ညကျောင်းလေး။ ရသမျှလခ ကျောင်းလခ ပေးရလွန်း လို့ တစ်ပြားမှ လက်ထဲ မကျန်ရတဲ့အထဲ ဘွဲ့လေးရဖို့ ၂ ပတ် အလိုပါဆို... ခုတော့ ဆုံးပါပြီရောလား။

ကျနော့်ဘဝမှာ နှုတ်ခမ်းမွေး တုန်လှုပ်နေတာကို အဲ့ဒီတစ်ကြိမ် ပဲ မြင်ခဲ့ဖူးတာပေါ့။

သူ မအောင့်နိုင်တော့တဲ့ အခါ

ကျနော့်ကို လှမ်းမေးတယ်

“သားလေးလား .. သမီးလေးလား ကွာ တဲ့”

၇။

တစ်ဘဝလုံးစာ ရင်းထားခဲ့သမျှ လက်လျှော့ရတော့မလိုတွေ ဖြစ်နေတုန်း၊ သူ့ဖာသာ လျှောက်စဉ်းစားရင်း အကြံတစ်ခုရလာတယ်။

ဒီလိုလုပ်မယ်ကွာ၊ အဲ့ဒီကျန်တဲ့ ၂ ပတ်စာ ကျောင်းကို ခပ်တည်တည်နဲ့ အလည်အပတ်ဗီဇာယူ စင်ကာပူထဲ ဝင်သွားပြီး သွားတက်ရင် ကောတဲ့။ ဥပဒေအရတော့ မဖြစ်နိုင်ဘူး။ အဲ့လိုလုပ်လို့မှ မရတာကိုး။ ဒါပေမယ့် အထဲရောက်သွားပြီး ကိုယ့်ဖာသာ ဘာလုပ်နေလဲ ဘယ်သူ သိမှာမို့လဲ။ စိတ်ကူးနဲ့ ရော်ရမ်းမှန်းဆပြီး ကြောက်နေမလား ဖြစ်ချင်ရာ ဖြစ် လုပ်ပစ်ရမလားပေါ့။ ဒါပေမယ့် တခြား အန္တရာယ်တွေကလည်း ရှိသေးတယ်။

ဥပမာ၊ စင်ကာပူလေဆိပ် အဝင်မှာ ကံမကောင်း အကြောင်း မလှစွာနဲ့ လဝက အရာရှိက မသင်္ကာလို့ သူ့ကို ဟိုစစ်ဒီစစ် လုပ်နိုင်တယ်။ စစ်ဆေးလိုက်ရင် ဒီလူရဲ့ ဒေတာတွေ ပေါ်လာမယ်။ အဲ့ဒီမှာ နှုတ်ခမ်းမွေး ဆိုတာ မကြာသေးခင်လေးက အလုပ်ဖြုတ်ခံရပြီး အိမ်ပြန်ပို့ခံထားရတဲ့ အောက်ခြေသိမ်း အလုပ်သမားလက်မှတ် ဝါ့ခ်ပါမစ် ကိုင်ဆောင်ဖူးသူမှန်း ပေါ်မယ်။ သူတို့ ထုံးစံအရ အလည်အပတ်ဗီဇာ ကိုင်ဆောင်လာသူကို အလည်လာရုံသက်သက် မဟုတ်ဘူးလို့ သံသယရှိရင် အဝင်မခံနိုင်ခွင့်ရှိနေတယ်။ သေချာပေါက် အဝင်ခံမှာလည်း မဟုတ်ဘူး။

ဒုတိယတစ်ချက်က အဝင်မှာ ကိုယ့်ပါ့စပို့ပေါ် တုံးထုတယ်။ အဲ့ဒီတံဆိပ်တုံးမှာ ဘယ်လောက် နေခွင့်ပြုသည်ဆိုတာ ပါတယ်။ ၂ ပတ် ဒါမှမဟုတ် တစ်လ။ ပုံမှန်အားဖြင့် တစ်လ တုံးထုပေးလေ့ရှိပေမယ့် တစ်ခါ တလေ ကိုယ်သွားဝင်တဲ့ ဂိတ်က လဝက အရာရှိက စိတ်ပေါက်ရင် ၂ ပတ် ပဲ ထုပေးလိုက်တာမျိုးလည်း ရှိတတ်တယ်။ နေခွင့် ၂ ပတ်ပဲ ပေးလိုက်ရင် အချိန်မလောက်တဲ့အတွက် ဒုက္ခထပ်တွေ့မယ်။ အစရှိသဖြင့် ပြဿနာ တက်မယ့် အကွက်တွေက အဆင့်ဆင့်ပဲ။ ဒါပေမယ့် အဲ့ဒါတွေကို တွေး ကြောက်ပြီး ထိုင်နေလို့မှ မရတော့တာကိုး။

မရ ရအောင် ပြန်ဝင်မယ်ဆိုပြီး ထပ်ကြံတယ်။ ချကွာပေါ့။ စင်ကာပူရောက်သွားရင် တည်းခိုမယ့်အိမ်က သူနဲ့ အင်မတန်ရင်းနှီးတဲ့ သူမင်္ဂလာပွဲကျင်းပခဲ့တဲ့ သန်လျင်က ပန်းအိစံ ကိုအောင်ကြင့် တူ။ အလကားနေခွင့် ပေးမယ်တဲ့။ လေယာဉ်လက်မှတ်ဖိုးက ဟိုဖန်ဒီဖန်ပေါ့။ ရလာတယ်။ ထမင်းဖိုး ဘာဖိုးက မရှိဘူး။ ငါးပိကြော်၊ ဘာလချောင်ကြော်၊ အခြောက်အခြမ်းတွေ ဘူးတွေ ပလုံးတွေနဲ့ ထည့်။ ကြွတ်ကြွတ်အိတ် ကလေးနဲ့ ဆွဲ။ ကျောပိုးအိတ်ကလေးထဲ

အဝတ်အစားတစ်စုံ နှစ်စုံထည့် လို့ လေယာဉ်ပေါ်တက်သွားတယ်။

ကျနော်လည်း ရင်တမမနဲ့ ကျန်ရစ်ခဲ့တယ်။

တစ်ရက် နှစ်ရက် နေတော့ သတင်းကြားရတယ်။ ဝင်လို့ရသွားတယ်။ အဝင်မှာ တစ်လနေခွင့် တုံးလည်း ထုပေးလိုက်တယ်တဲ့။ ကျန်တာ ကတော့ သူ့ဖာသာ ဆက်ရုန်းကန်ရတာပါပဲ။ အဲ့ဒီအချိန်လောက်မှာ ကျနော် အမှတ်မမှားရင် ရန်ကုန်မှာ ကျန်ခဲ့တဲ့ သူ့အမျိုးသမီး ကိုယ်ဝန် ပျက်ကျတယ်။ နှုတ်ခမ်းမွေးရဲ့ ကြင်သူဟာ သူ့အမျိုးသမီးပီသစွာနဲ့ ကိုယ့်ဖာသာ တစ်ယောက်တည်း ဆေးရုံသွားတက်ပြီး ရင်ဆိုင်ဖြေရှင်းတာပါပဲ။ လောကဓံတွေက အဲ့လို စုပြုံပြီး လာတယ်။

မရေမရာ ဘဝတစ်ခုနဲ့ အဝေးမှာ ချို့ငဲ့စွာ ဘဝကိုရင်ဆိုင်နေတဲ့ အချိန် ရန်ကုန်မှာ ကျန်ခဲ့တဲ့ မိန်းမဖြစ်သူက အဲ့လိုကြီး ဖြစ်သွားတဲ့အခါ သူ့ စိတ်ဒဏ်ရာဟာ အတိုင်းအတာတစ်ခုထိ ကြီးမားလိမ့်မယ်။ သူ မအောင့် နိုင်တော့တဲ့အခါ ကျနော့်ကို လှမ်းမေးတယ်။

“သားလေးလား.. သမီးလေးလားကွာ...” တဲ့။

“ဘာမှ မသိရသေးတဲ့ အနေအထားပါဗျာ” လို့ အသေချာ မသိပဲ လိမ်လိုက်ခဲ့မိတယ်။ အဲ့လို လိမ်တာကို သူခုထိ မသိပါဘူး။

ငယ်ဘဝမှာ ပျက်စီးသွားတဲ့ အိမ်ထောင်တစ်ခုက လာတဲ့ လူ။ ညီအကို ၃ ယောက်မှာ အဖေလုပ်သူနဲ့ တစ်ယောက်က ပါသွား။ အမေ လုပ်သူက တစ်ယောက်ခေါ်သွား။ နှုတ်ခမ်းမွေးဖြစ်လာမယ့် ကလေးကို သူများဆီမှာ အချန်ထား ခံခဲ့ရတာကိုး။ တစ်ဘဝလုံးလမ်းပေါ်မှာ တစ် ယောက်တည်း ဖြစ်သလို ရှင်သန်ခဲ့ရတဲ့ လူဟာ သူ့ရင်သွေးလေးဆိုတာ ကို ဘယ်လိုစိတ်ကူးယဉ်ခဲ့မလဲ။ အဲ့ဒါကို ကျနော် စိတ်မကောင်းခဲ့ဘူး။

သူ့အဖြစ်အပျက်ကို ဆက်ပြောရရင် ရတဲ့ အချိန်လေးအတွင်း မှာ ကျောင်းပြီးသွားတယ်။ ဘွဲ့ရတယ်။ အလုပ်က တန်းမရဘူး။ ဒုက္ခ ဆက်တွေ့နေတယ်။ အဲ့လို ပတ်ချာလည်နေရင်း သူ့ကျောင်းနဲ့ မပတ် သက်တဲ့ အရင်က လုပ်ခဲ့တဲ့ ရေပိုက်ပြင်တဲ့ အလုပ်နဲ့ဆက်စပ်တဲ့ အလုပ် တစ်ခုကို ရသွားတယ်။ အရင်လို ဝါ့ခ်ပါမစ်နဲ့ အခြေခံအလုပ်သမားတော့ မဟုတ်တော့ဘူးပေါ့။ ပညာရေးလေး ထောက်ကူထားပြီမို့ ရေပိုက်အလုပ် ပေမယ့် ရာထူးလေး ဘာလေး ပါလာတယ်။ အဲ့ဒီတော့မှ သက်ပြင်းလေး ဘာလေးချနိုင်သွားခဲ့တယ်။ ငွေကြေးအရအများကြီး ပိုလျှံတာမျိုးမဟုတ်ပေမယ့် အသက်နည်းနည်းရှူလာနိုင်ပြီ။

သူ့မိန်းမကို ဗမာပြေကနေ စက်ာပူကို ခေါ်ထုတ်ဖို့ ကြိုးစားတယ်။ အလည်ဗီဇာနဲ့ ခဏခေါ်ပြီး အလုပ်ရှာခိုင်းတယ်၊ မရဘူး။ ပြန်ရတယ်။ နောက်တစ်ခေါက် ထပ်ခေါ်ပြန်တယ်။ ဒီတစ်ခါ အလုပ်မရှာခိုင်း တော့ဘူး။ သူနဲ့တွဲပြီး စက်ာပူအမြဲနေခွင့် PR လျှောက်တယ်။ အဲ့ဒါ လျှောက်တဲ့အခါ ဆေးစစ်ဖို့ လိုတယ်။ အဲ့ဒီအတွက် ပိုက်ဆံတောင် အနိုင်နိုင်ရယ်။ ဒါတွေ မင်းက ဘယ်လိုသိနေတာလဲ ဆိုတော့၊ ကျနော် ဘေးမှာ ရှိနေတာကိုး။ စက်ာပူမှာပေါ့။

ဘယ်လိုလုပ် ရောက်နေတာလဲ ဆိုတော့ကာ၊ ပြောရရင် ဇာတ်လမ်း ရှည်မယ်။ တိုတိုပြောရရင် သူတို့ လင်မယားငှားနေသွားဖူးတဲ့ အိမ်က စာတိုက်ပုံးထဲကို စာလာတယ်။ သူတို့က ပြောင်းသွားကြပြီ။ ကျနော်ပဲ သွားနှိုက်ပြီး ယူခဲ့လိုက်တာ။ ဖောက်ဖတ်လိုက်တော့ စက်ာပူ PR ရသွားတယ် ဆိုတဲ့အကြောင်း အကြောင်းကြားစာပဲ။

“ဟေ့လူ . . . ရပြီ” လို့ ဖုန်းဆက်တော့ သူ့လေသံက ပျော်ရွှင် နေသံလည်း မပေါက်ပါဘူး။ “တော်သေးတာပေါ့ကွာ…” တဲ့။

သူ့အမျိုးသမီး ဗမာပြေ ထပ်ပြန်ရမယ့် ကိန်းက လွတ်သွားပြီ ကိုး။ အဲ့ဒီကိစ္စပြီးတော့ သူ့ဘဝကြီး ဘာထပ်ဖြစ်လဲ ကျနော်မသိတော့ ပါဘူး။

တောင်မရောက် မြောက်မရောက်ဖြစ်နေတဲ့ ကျနော့်ဘဝကို ရှေ့ဆက်ဖြတ်သန်းဖို့ အဝေးတစ်နေရာကို ကျနော် ထွက်သွားခဲ့တယ်။

တစ်ခါတလေတော့ သူနဲ့ ကျနော် စကားစမြည်ပြောဖြစ်တယ်။ အဲ့ဒီခေတ်က အင်တာနက်ဂျီတော့ခ်ဘာညာ ပေါ်ခါစ။

အင်္ဂလန်မှာ နှင်းတွေကျတဲ့အခါ ကင်းဘတ်ဖိနပ်နဲ့ အပြင်ထွက်ရလို့ ခြေထောက်ကိုက်တယ်လို့ ကျနော်လှမ်းပြောတော့ ဖိနပ်အကောင်း စား ဝယ်စီးပါကွာ ဆိုပြီး ငွေလှမ်းလွှဲပေးတယ်။ မင်းတစ်ရန်၊ ငါတစ်ရန် ဝယ်ကွာ တဲ့။ ပိုက်ဆံရတော့ သူ့အတွက် ဖိနပ်ဝယ်ပြီး လှမ်းပို့လိုက်တယ်။ ကျနော့်အတွက်ဖိနပ် ဆိုတာကိုတော့ ဝယ်မနေတော့ပဲ ပိုက်ဆံတွေကို သုံးပစ်လိုက်မိတယ်။ ခြေထောက်အေးတာထက် ထမင်းငတ်တာက ပိုအရေးကြီးနေတာကိုး။ ဒါကို ခုထိ ကျနော် သူ့ကိုမပြောပြပဲ ဖုံးထားမိခဲ့တယ်။

ကလေးနာမည်က ဘာတဲ့လဲ ဆိုတော့ . . .

အာလုတ်သံကြီးနဲ့ ပြန်ဖြေတယ်

ဗဟိန်းဇင် . . . ကွ ' တဲ့

ကျနော်နဲ့ နှုတ်ခမ်းမွေး နှစ်အတန်ကြာ ကွဲကွာသွားကြရာက လူချင်းပြန်ဆုံတဲ့အခါမှာ သူ့မှာ သားလေးတစ်ယောက် ရနေပါပြီ။ ကျနော် အင်္ဂလန်ကနေ စင်္ကာပူက သူ့ဆီ ခဏအလည်ရောက်သွားတဲ့ ကာလ ပေါ့။ ကလေးကို ဗမာပြေ ပြန်မွေးရမလား၊ စင်္ကာပူမှာပဲ မွေးမလား အငြင်းပွားကြရသေးတယ် ဆိုပဲ။ သူက ဗမာပြေကို ပြန်ပြီး မွေးမှရမယ် ဆိုတာ ချည့်ပဲတဲ့။ အကြောင်းပြချက်က သူ့သားဟာ မြန်မာနိုင်ငံသားဖြစ်ရဲ့နဲ့ နိုင်ငံရပ်ခြားမှာ မွေးဖွားလိုက်ရရင် တစ်ချိန်မှာ သမ္မတ ဝင်ရွေးခံလို့မရ ဖြစ်မှာစိုးလို့ တဲ့။ နောက်နေတာ မဟုတ်ဘူး၊ အတည်ပေါက်ကြီးနဲ့ ပြော တာ။ ဒုက္ခဗျာ။

ကလေးနာမည်က ဘာတဲ့လဲ ဆိုတော့ . . . အာလုတ်သံကြီးနဲ့ ပြန်ဖြေတယ်။

"ဗဟိန်းဇင်...ကွ" တဲ့။

ကျနော့်မှာ တဟီးဟီးနဲ့ ဖြစ်သွားရတာပါပဲ။ သခင်ဗဟိန်းနဲ့ သခင်ဇင်ကို ပေါင်းထားတာလေ။ နာမည်ကိုက ကွန်မြူနစ်နာမည်။ ဒါပေမယ့် ခေတ်စကားနဲ့ပြောရရင် အတော် ဂေါ်တဲ့ နာမည်ပါလားပေါ့။

ကလေးရလာတော့ အရင်လို အိမ်ငှားဘဝနဲ့ နေလို့မဖြစ်တော့ ဘူး။ ဒါကြောင့် ခြစ်ခြုပ်ပြီး အခန်းလေး ဝယ်လိုက်ရတယ်ကွာတဲ့။ ကျနော် က အဟီးခနဲ အသံထွက်သွားတော့ ရီးပြုလို့ ရယ်တာလားလို့ ဆဲတယ်။

ကျနော်တို့ကြားထဲမှာက တစ်ခါက ပစ္စည်းမဲ့လူတန်းစား၊ လမ်း ပေါ်မှာ နေလာရာက အိမ်ပိုင်ရာပိုင်ဖြစ်သွားတော့ ဓနရှင်ကြီးဖြစ်လာပြီ ပေါ့လို့ စကားတွေ အရှည်ကြီးပြောပြီး ရိသ့ဲသ့ဲလုပ်စရာမလိုဘူး။ အဟီး တစ်လုံးတည်းနဲ့တင် ကျနော်ဘာပြောမှန်း သူသိတယ်။

ကျနော် အင်္ဂလန်မှာ ကျောင်းဆက်တက်စရာ ပိုက်ဆံမရှိတော့တဲ့ အခြေနေမှာ ကံကောင်းထောက်မစွာနဲ့ ပညာသင်ဆု အပေးခံရ တုန်းကလည်း အဲ့လိုပါပဲ။

"ဟရောင်... အဲ့ဒီအဖွဲ့ရဲ့ပိုက်ဆံတွေက အင်မတန် ဖောက်ပြန် တဲ့ အမေရိကန်အရင်းရှင်ကြီးဆီက လာတာကွာ၊ သူ့ပိုက်ဆံတွေ ယူပြီး ပညာသင်တော့ကာ နောက်နောင်ကျရင် မင့်ဘဝကြီးကို သူတို့ထိန်းချုပ် တော့မယ်၊ မင်း ဘယ်လိုလွန်ဆန်မလဲ" ဘာညာ လှမ်းပြီးပွားသေးတယ်။

"လောလောဆယ် ဘွဲ့ရဖို့ပဲ၊ ကျန်တာ နောက်မှရှင်းမယ်၊ သူတို့ ဖာသာ ထိန်းချုပ်ချုပ် မချုပ်ချုပ်၊ ဘွဲ့ရပြီး ကျုပ်ဖာသာ ရှောင်နေမှာပေါ့ စောက်အ မို့လား ကျုပ်က၊ နို့ သူတို့ဆီက မယူရင် ကျုပ်ခွေးဖြစ်တော့မယ်၊ ကျောင်းလခ သောင်းဂဏန်း ခင်ဗျားပေးနိုင်လို့လား . . ." လို့ပြန်ဆဲတော့ "ငါက သတိပေးတာ ဟရောင်... ကျန်တာ မင့်ကိစ္စ" တဲ့။

အဲ့လိုပြောပြီး ဘာမှဆက်မပြောတော့ဘူး။ အမှန်အတိုင်း ဝန်ခံ ရရင် အင်္ဂလန်ရောက်သွားတဲ့ ဖွဲ့ဆော်ဦးကာလမှာ ကျနော်သွင်းခဲ့တဲ့ ကျောင်းလခတွေကလည်း သူနဲ့ သူ့မိန်းမ ထုတ်ပေးထားတာတွေပါပဲ လေ။ ချေးတယ်ပေါ့။ နောက်နောင်ကာလတွေမှာ ပြန်ဆပ်ခဲ့တယ် ဆိုပေမယ့် ဘာမှန်းမသိတဲ့ အခြေနေတုန်းက ရှိသမျှလေး ထုတ်ပေးခဲ့ တာဟာ ကြီးစွာသော ကျေးဇူးတွေပါပဲ။ ဒါကို သူ့သွားပြောရင် ရီးစကား တွေ စောက်ပိုတွေ ပြောပြန်ပြီလို့ ဆဲမှာပါပဲ။

အဲ့ဒီပြန်ဆုံစဉ်က ကျနော် သူ့အိမ်မှာ အိပ်တယ်။ ညနေစောင်း မှာ ဗဟိန်းဇင် ပေါက်စလေးကို တွန်းလှည်းလေးပေါ်တင်ပြီး Lake Side ဘူတာနားက ကန်စောင်းတဝိုက်မှာ လမ်းလျှောက်ရင်း ရောက်တတ် ရာရာတွေ ပြောကြတယ်။ သူ့အမျိုးသမီးကော သူပါ အလုပ်အကိုင် ကောင်းကောင်း ရှိနေပြီ။ သူ့အလုပ်အကိုင်က ဘယ်သို့ ဘယ်ညာ အစရှိသဖြင့်ပေါ့။

အဲ့ဒီမှာ သူ့အမူအကျင့်တွေ ပြောင်းလဲသွားတာကို ကျနော် သတိထားမိလာပြီ။ ဒေါသကြီးတာတွေ၊ ဂွကျတာတွေ၊ တစ်လောက လုံးကို ရန်လိုတာတွေ သိပ်မတွေ့ရတော့ဘူး။ အတိအကျပြောရရင် ကျနော်သိခဲ့တဲ့ နှုတ်ခမ်းမွှေးဟာ ခုခါမှာ ဟိုးအရင် ငယ်စဉ်က အမူအကျင့် ရဲ့တစ်ဝက်လောက်တောင် မရှိတော့ဘူးထင်တာပါပဲ (ကျနော်ဟာ သူ့ကို စတွေ့တွေ့ချင်းမှာ အသေရိုက်သတ်ချင်ခဲ့တာကိုး)။

ဒါဟာ အသက်အရွယ်ကြောင့်လားလို့ ကျနော်တွေးမိသေးတယ်။ တစ်စိတ်တစ်ပိုင်းတော့ ဆိုင်လိမ့်မယ်။ သို့သော် ထမင်းမငတ် တော့တာ၊ အိမ်ထောင်ပြုလိုက်တာ၊ သားလေး ရသွားတာ အစရှိတဲ့ အရာတွေကြောင့်က ပိုများလိမ့်မယ်လို့ ထင်တာပါပဲ။

လက်ရှိ သူ့ဘဝဟာ အရမ်းကြီး မပြည့်စုံပေမယ့်လည်း လမ်းပေါ်မှာ နေရတဲ့ တစ်ခါက ဘဝမျိုးနဲ့ ဘာမှမဆိုင်တော့ဘူး မဟုတ် လား။ ကျနော်က အဲ့ဒီလိုတွေ တွေးပြီး သူ့ကို ငေးနေပေမယ့် နှုတ်ခမ်းမွှေး ကတော့ ဗဟိန်းဇင်လေးကို ပွေ့ထားရင်းနဲ့ သူပြောချင်တာတွေ စွတ်ပြော နေတာပါပဲ။

သူ အခုလောလောဆယ် စက်ရုံမှာ ကန်ထရိုက်လုပ်နေတဲ့

ဗမာသူဌေးအတွက် ပရောဂျက်တစ်ခုကို ဦးစီးပေးနေတဲ့ အကြောင်း၊ ကုလားအလုပ်သမားတွေကို ဦးဆောင်ပြီး သူပဲ အလုပ်သမားခေါင်း သူပဲ ပရောဂျက်မန်နေဂျာ လုပ်နေတယ် ဆိုတဲ့အကြောင်း၊ လစာ ဒေါ်လာ လေးငါးထောင် အပြင် ပရောဂျက်ပြီးရင် အမြတ်ငွေရဲ့ ၁၀ ရာခိုင်နှုန်း ရမယ် ဆိုတဲ့အကြောင်း အားပါးတရတွေ အော်ကျယ် အော်ကျယ်နဲ့ ပြောနေခဲ့တယ်။

အဲ့ဒီနောက်တော့ ကျနော် အင်္ဂလန်ပြန်သွားတယ်။ နည်းနည်း ကြာတော့ သူနဲ့အဆက်အသွယ်လုပ်ဖြစ်တယ်။

"ဟရောင် . . . ဟို ကန်ထရိုက်က ပရောဂျက် ရှုံးတယ်ဆိုပြီး ငါ့လခတွေ မပေးဘူးကွာ၊ သောင်းဂဏန်းလောက် ရှိမယ်။ ၁၀ ရာခိုင်နှုန်း ဆိုတာ ဝေလာဝေးပဲ။ ဖုန်းဆက်တော့ ဖုန်းပိတ်ထားတယ်။ ငါ အလုပ် တစ်ခုပြန်လုပ်ဖို့ ရှာနေတယ်။ လောလောဆယ်တော့ အိမ်မှာ ကလေး ထိန်း ထမင်းချက်နေတယ်..."တဲ့။

ခင်ဗျာ့ ဟာကလည်းဗျာ . . . လို့ ပြန်ပြောရုံပဲ တတ်နိုင်တော့တယ်။

၉။

နှစ်တွေ ကြာလာတဲ့အခါ ဘဝကိုယ်စီမှာ ဆက်လက် ရုန်းကန် ကြရင်း ကျနော် ဗမာပြေ ပြန်ရောက်လာခဲ့တယ်။ နှုတ်ခမ်းမွေးဟာ စက်ရုံမှာပဲ အလုပ်တစ်ခုလုပ်ရင်း ဝန်ထမ်းဘဝနဲ့ ရုန်းကန်နေဆဲပဲ။ တစ်ခါက ပေါင်းသင်းဆက်ဆံရေး ခက်လွန်းတဲ့သူဟာ ခုခါမှာ အပေါင်း အသင်း အင်မတန်မင်တတ်လာပြီ။

ငယ်စဉ်က လက်ဖက်ရည်ဝိုင်းမှာ၊ “မင့်ကို ငါ ပြောစရာရှိလို့ကွ . . .” လို့ အစချီပြီး ကရားရေလွှတ် တတွတ်တွတ်တွေ အဆက်မပြတ် ပြော။ တစ်ဝိုင်းတည်း ထိုင်နေတဲ့လူတွေကို စောက်ဖက်မလုပ်ပဲ ကျနော့် ကိုပဲ တည့်တည့်ကြည့်၊ ပြောချင်တာတွေ ကုန်သွားတော့မှ၊ ဝိုင်းထဲက တခြားလူတွေကို တစ်ချက်မကြည့်ပဲ “ငါပြန်မယ် . . .” ဆိုပြီး ဝုန်းခနဲ ထပြန်သွားတဲ့ အထိ လူမှုရေး ခေါင်းပါးခဲ့ဖူးတဲ့ အဲ့လိုလူက အပေါင်း အသင်း မင်လာတယ်လို့ သတင်းသဲ့သဲ့ ကြားရတယ်။ အသောက်အစား၊ မိန်းမ၊ လောင်းကစား အစရှိတဲ့ ယောက်ျားတို့ ကျင့်ကြံတတ်တဲ့ အရာ တွေကို တစ်ဘဝလုံး ရှောင်ခဲ့တဲ့လူက မိတ်ဆွေတွေကို အရက်သောက် မလား၊ ဘီယာသောက်မလား မေးပြီး အတင်းတိုက် (သူကတော့ မသောက်ဘူး) ဘေးကနေ တဟီးဟီးနဲ့ ထိုင်ပြီး စကားပြောနေရရင် ကျေနပ်လာသတဲ့။

အားရင် အဲ့လိုအပေါင်းအသင်းတွေနဲ့တွေ့ဖို့ အပြင်ထွက်တတ် လာတဲ့အတွက် အချိန်ကုန်၊ ငွေကုန်တွေ ဖြစ်ပါတယ်ဆိုပြီး သူ့မိန်းမနဲ့ ရန်ဖြစ်စ ပြုလာသတဲ့။

အဲ့ဒီသတင်းတွေ ကြားတဲ့အခါ ကျနော်က. ပြုံးနေမိတာပါပဲ။ ဒါဟာ တစ်နည်းအားဖြင့် လူပီသလာတာပဲ မဟုတ်လား။

တမြန်တနှစ်က သူ ဗမာပြေ ပြန်လာတယ်။ ကျနော့်ဆီ လာ တွေ့တယ်။ ဗမာပြေမှာ သူရပ်တည်လို့ရနိုင်မလား လာကြည့်တာတဲ့။ သူချစ်တဲ့ ဗဟိန်းဇင်လေးဟာ အရွယ်ရောက်လာပြီး ကျောင်းထားတော့ စက်ရုံမှာ အဆင်မပြေတော့ဘူးတဲ့။ အိမ်မှာဆို သွက်လက်ချက်ချာနေ တဲ့ ကလေးဟာ ကျောင်းမှာ တစ်ခုခုဖြစ်နေပုံရတယ် တဲ့။ ပျော်ပုံမရဘူး။ ကျောင်းကလည်း မိဘခေါ်စာတွေဘာတွေ ပို့လာလို့ သူလိုက်သွားတော့ ကလေးက ဘယ်သို့ဘယ်ညာ ဖြစ်နေပါတယ် ဆိုပြီး ပြောပေမယ့်လို့
ကျောင်းကပြောတဲ့အချက်တွေဟာသူ့အနေနဲ့လက်ခံနိုင်ဖွယ်မရှိဘူးတဲ့။ တရုတ်၊ ကုလား ကလေးတွေကြားထဲမှာ ဗမာကလေးဟာ minority background ကြောင့် ပြဿနာပေါ်နေပြီး traumatized ဖြစ်နေပုံရတယ် ပေါ့။ အဲဒီတော့

ကျောင်းပြောင်းမလား ဘာဆက်လုပ်မလဲ စဉ်းစားတယ်။ ထင်သလောက်လည်း မလွယ်ဘူး။ ဒါနဲ့ ဗမာပြေပြန်လာပြီး အခြေအနေ လာကြည့်တာတဲ့။ စားလောက်အောင် ပိုက်ဆံရှာနိုင်ရင် တော်ပါပြီကွာ တဲ့။ ငါ့သားလေးက အဓိကတဲ့။

လနည်းနည်းကြာတော့ ကျနော့်ရပ်ကွက်ထဲမှာ တိုက်ခန်း တစ်ခန်း သူငှားတယ်။ စင်္ကာပူပြန်ပြီး သားလေးကို သွားခေါ်လာတယ်။ အမျိုးသမီးကို ချန်ထားခဲ့တယ်။ ဟိုဖက်က ကိစ္စတွေ အပြီးရှင်းဖို့တဲ့။ စင်္ကာပူက အိမ်ကို ရောင်းချမယ်။ နေထိုင်ခွင့် PR ကတ်ပြားကို ပြန်အပ်မယ်တဲ့။ ကုန်ကုန်ပြောရရင် တည်ဆောက်ခဲ့သမျှ အကုန်စွန့်လွှတ်ပြီး ဗမာပြေကို အပြီးပြန်တာပါပဲ။ အကြောင်းပြချက်က သူအင်မတန်ချစ်တဲ့ ကလေး အဆင်ပြေဖို့ပဲ။

အဲ့ဒီနောက်ပိုင်း မနက်တိုင်း ကျနော်အလုပ်သွားဖို့ လမ်းထိပ် ကို ထွက်တဲ့အခါ Safety ဖိနပ်ကြီး စီးထားတဲ့ နှုတ်ခမ်းမွှေးကို ရန်ကုန်မြို့ ပတ်ချာလည်မှာ မီးကြိုးတွေ သွားဆင်ဖို့ လွယ်အိတ်ကြီးလွယ်လို့ မှတ်တိုင်မှာ YBS ဘတ်စ်ကား စောင့်နေတာကို တွေ့ရတော့တာပဲ။

အလုပ်ပိတ်တဲ့ ရက်တွေမှာ အိမ်နီးနားချင်းဆိုတော့ လက်ဖက် ရည်ဆိုင်အတူထိုင်ရင်း၊"ဟေ့လူ...လွန်ခဲ့တဲ့အနှစ်၂၀ကလည်းမီးသမား ဘဝနဲ့ ကျုပ်တို့ရုန်းကန်ခဲ့တာပါပဲ၊ ခုလည်း ကြည့်ဦး၊ ခင်ဗျား ဒါပဲပြန်လာ လုပ်နေတယ်၊ ကျောင်းတွေတက် ကျွဲလို နွားလိုရုန်း နောက်ဆုံးတော့ ဘာမှမထူးပါလားဗျာ . . ." လို့ ကျနော်ပြောတဲ့အခါ တဟေးဟေးနဲ့ အော်ရယ်နေတာပါပဲ။ ဟိုးအရင်က ဘဝနဲ့ နည်းနည်းတော့ ကွာတာ ပေါ့လေ။

မကြာပါဘူး၊ သူ့အမျိုးသမီး ပြန်ရောက်လာတယ်။ ပြန်လာခါ နီးမှာ သူ စင်္ကာပူ ခဏပြန်တယ်။ အိမ်ကို ရောင်း၊ နှစ်ယောက်လုံးရဲ့ PR ကတ်ကို ပြန်အပ်၊ CPF ခေါ် ပင်စင်လစာတွေ အစိုးရဆီက အကုန် ပြန် ထုတ် အစရှိသဖြင့် အကုန်အပြီးသွားရှင်းတာပါပဲ။ ဘုရင့်နောင်ဟာ စင်္ကာပူက ဖောင်ကို အပြီးဖျက်ခဲ့ပြီပေါ့။

သူ့အမျိုးသမီး ပြန်ရောက်လာပြီးနောက်ပိုင်း ရန်ကုန်မှာ အိမ် ဝယ်ပါတယ်။ ကျနော့်ရပ်ကွက်ထဲကနေ ပြောင်းသွားကြတယ်။ သူရယ်၊ သူ့ဇနီးရယ်၊ ဗမာပြေက ကျောင်းမှာ ပျော်ပျော်ရွှင်ရွှင်ကျောင်းတက်နေ ပြီဖြစ်တဲ့ ဗဟိန်းဇင်ကလေးရယ် မိသားစုဘဝလေးကို တည်ဆောက်နေ ကြပါတယ်။

အိမ်ရဲ့ အပေါ်ဆုံးထပ်မှာ အိပ်ခန်းတစ်ခန်း ပြင်ထားပါတယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း၂၀ လောက်က ကျောက်မြောင်းဖက်မှာ သူခေတ္တ ခိုလှုံခဲ့ဖူးတဲ့ (ကျနော့်ကို ဆေးကုပေးဖူးသူ) ဒေါက်တာတင်စံဦး ခေါ် ဆရာလေး နေဖို့ တဲ့။ ဆရာလေးက လောလောဆယ် နယ်က ဆေးရုံတစ်ခုမှာကိုး။

ဘဝမှာ ယောကျ်ားတို့ တတ်အပ်သော အတတ်တွေ ဘာမှ မလုပ်ဖူးတဲ့ နှုတ်ခမ်းမွှေးဟာ တစ်ခါတလေ ကျနော့်ကို မေးတတ်ပါတယ်။

"ဟရောင် စာတွေထဲမှာ ပါတဲ့ ကြက်ဥဟတ်ဖ်ဖရိုက်နဲ့ ဘရန်ဒီအရက်ကို တွဲမြည်းရတာကောင်းတယ်ဆိုတာ တကယ်လား" တဲ့။ "ငါ နည်းနည်း ကိုယ်လက်ကိုက်ပြီး ဖျားချင်သလိုလိုဖြစ်တဲ့အခါ အဲ့ဒါလေး ဖတ်ကြည့်ပြီး သွားရည်ယိုတယ်ကွာ" တဲ့။

"ခင်ဗျာ့ ဘဝကြီးဟာ လူဖြစ်ရှုံးလွန်းပါတယ်ဗျာ" လို့ ပြန်ပြော ရင်း ကျနော်တော့ ရယ်နေတာပါပဲ။

"အေးကွာ ... ဗဟိန်းဇင် လူဖြစ်တဲ့အထိ အလုပ်တွေ ကုန်းရုန်း လုပ်ရဦးမယ်၊ ဒီကောင်လည်း အရွယ်ရောက်၊ ငါလည်း ဘိုကလေးပြန်ပြီး ဥယျာဉ်ခြံထဲ အပင်သွားစိုက်ရင်း နားမယ်လည်း ပြင်ကော ကင်ဆာတွေ ဘာတွေ ဖြစ်နေလောက်ပြီလားမသိဘူး၊ ဒီတိုင်းပြေကြ စောက်အစား အသောက် အနေအထိုင်ကလည်း မင်းသိတဲ့အတိုင်းပဲ၊ ဘဝဆိုတာကြီး က နောက်ဆုံးတော့ ရီးပါပဲကွာ၊ ဘာများကောင်းလို့တုံး..." လို့တွေးတွေး ဆဆ ပြောလာတဲ့ အခါ ကျနော် စိတ်မကောင်းပါဘူး။ သူက သေတဲ့အထိဘဝကို အကောင်းမြင်သွားမယ့်ပုံ မပေါ်တော့ဘူးထင်တာပါပဲ။

တစ်ခါတလေကျတော့ ကျနော်စဉ်းစားမိပါတယ်။ လူ့ဘဝကို အကောင်းမမြင်တတ်၊ အရာရာမှာ ဖြောင့်မတ်ဖို့ကြိုးစားရင်း တုတ်ထိုး အိုးပေါက် ပြောလွန်းလို့ လူအမြင်ကတ်ခံရ၊ ဖိမ်ခံမှု၊ ပျော်ရွှင်မှုတွေကို အယုံအကြည်မရှိလို့ ကြွေးကြော်တဲ့ အဲ့ဒီလူဟာ၊ သူနဲ့ လောကအမြင်မှာ ပြောင်းပြန်ဖြစ်နေတဲ့ ကျနော်နဲ့ ဘယ်လိုများ ဒီဘဝမှာ ကာလကြာရှည်စွာ ပေါင်းသင်းကြဖို့ ရေစက်လာဆုံခဲ့ရပါသလဲပေါ့။

တစ်ဘဝလုံး စင်းလုံးချောတော့ မဖြစ်ခဲ့ကြဘူးပေါ့။ ခုထိကျနော် ကားမောင်းတဲ့အခါ ဘေးကနေ ဟိုမှာ လူထွက်လာပြီ၊ ဒီဖက်က ကားက ဘာဖြစ်တယ်... အစရှိသဖြင့် ဆရာလုပ်နေဆဲပဲ။ အတိုင်းအတာ တစ်ခုထိ ရင့်ကျက်နေပြီဖြစ်တဲ့ ကျနော်က တတ်နိုင်သမျှ မကြားချင် ယောင်ဆောင်တယ်။ သည်းမခံနိုင်တဲ့အခါ ခင်ဗျာ့ပါးစပ် ပိတ်ထားစမ်းပါ နားညည်းတယ်လို့ ပြန်ဆဲချင် ဆဲတာပါပဲ။ ကားထဲပါလာတဲ့ မိတ်ဆွေ တွေကလည်း ကျနော်တို့နှစ်ယောက် သတ်နေကြတာကို ကြည့်ပြီး ရယ် နေကြတာပါပဲ။

ဆရာကြီးရွှေဥဒေါင်းရဲ့တစ်သက်တာမှတ်တမ်းထဲမှာ ဘယ်လို ပါသလဲဆိုတော့... သူဟာ "စက်ဝိုင်းလို လူ" တဲ့။ စမှတ်မှာပြန်ဆုံးရတယ် ပေါ့။ မန္တလေးမှာ မွေးခဲ့တဲ့သူဟာ တစ်ဘဝလုံး ဟိုပြောင်းဒီရွှေ့ ဖြစ်ခဲ့ရ ပေမယ့်

မန္တလေးကိုပဲ နောက်ဆုံးပြန်ရောက်လာပြီး ခေါင်းချရတော့မယ် ပေါ့။

ကျနော်နဲ့ နှုတ်ခမ်းမွှေးတို့ဟာလည်း လူစက်ဝိုင်းတွေပါပဲ။ တစ်ခါက၊ လွန်ခဲ့တဲ့ ဆယ်စုနှစ် ၂ ခုက၊ မျှော်လင့်ချက်မဲ့နေတဲ့ လူငယ် နှစ်ယောက်ဟာ တိုင်းပြေအပျက်ကြီး၊ ခေတ်စနစ်ဆိုးကြီးထဲကနေ ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားရင်း အချိန်ကာလတစ်ခုကြာ ပျောက် ဆုံးသွားခဲ့ရပေမယ့် ဒီနေရာကိုပဲ အသက်အရွယ်ကြီးရင့်သွားတဲ့ လူလတ် ပိုင်းတွေအဖြစ် ပြန်ရောက်လာကြရတယ်။

ကျနော်ဘဝမှာ ဘာမှသိပ်မလိုချင်တော့ပါဘူး။

တစ်ချိန် အသက်အရွယ်ကြီးရင့်လာတဲ့ အခါ အရွယ်ရောက်နေနှင့်ပြီဖြစ်တဲ့ ကျနော့်တူကလေး ဗဟိန်းဇင်ကို ပုံပြင်ပြောပြချင်ပါတယ်။

အမြဲတမ်း ထမင်းငတ်နေပြီး ဆံပင်စုတ်ဖွားနဲ့ တစ်ချိန်လုံး ဒေါသ ထွက်နေတဲ့ လမ်းပေါ်က လူတစ်ယောက်အကြောင်း၊ လူတွေကို ကတ်သီးကတ်ဖဲ့ စကားပြောပြီး ရန်သူတွေ မများများအောင် လုပ်ခဲ့တဲ့ လူတစ်ယောက်အကြောင်း၊ ၄၈ ဟိုင်းလတ်ကားရဲ့ နောက်မြီးကို ခိုစီးရင်း “ပုံပွဲလေး ပုံပွဲလေး” လို့ တတွတ်တွတ်ရွတ်ရင်း မျက်လုံးတွေ အရောင် လက်နေတတ်တဲ့ လူအကြောင်း၊ အသက်ငင်နေတဲ့ ကျနော့်ကို ပွေ့ချီပြီး ရန်ကုန်ဆေးရုံကြီး အရေးပေါ်ကို ပြေးသွားခဲ့တဲ့ လူအကြောင်း၊ လူ့အသိုင်း အဝိုင်းရဲ့ ထုံးတမ်းစဉ်လာတွေကို ဥပက္ခာပြုပြီး နှစ်ဖက်သော မိဘတွေ မပါပဲ စာရေးဆရာ အဘိုးကြီးတွေသာ ပါတဲ့ မင်္ဂလာပွဲကျင်းပပြီး ကိုယ် လိုချင်တဲ့ မိန်းမကို ရအောင်ယူလိုက်တဲ့ လူအကြောင်း၊ ပျော်ရွှင်မှုကို အယုံအကြည်မရှိဘူး လူ့ဘဝဆိုတာ ဒုက္ခသစ္စာတွေပါကွာလို့ ကြွေးကြော် တတ်တဲ့ လူအကြောင်း ... အဲ့ဒါတွေ တစ်ခုမှမဟုတ်ပါဘူးလေ။

မင်း အဲ့ဒါတွေ သိချင်ရင် မြသန်းတင့်ရဲ့ ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် ဆိုတဲ့ ဝတ္ထုထဲက ကိုသံချောင်းကို ရှာဖတ်ချေလို့ ပြောလိုက်ရုံပါပဲ။ ကျနော်ပြောပြချင်တာက...

မင့်အဖေဟာ မင့်ကိုချစ်လွန်းလို့ တစ်ဘဝလုံး တည်ဆောက် ထားသမျှ အကုန်ထားရစ်ပြီး အိမ်ပြန်ခဲ့တာကွ ဆိုတဲ့ အကြောင်းပါပဲ။

https://t.me/TheBookR